၂။ တီ၊တီ၊တီ၊ နု၊ဒ၊ပ၊စ၊သံ၊ဏ၊ဝု၊ ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊
ဘွင်

---

## ပရိတ္တာရုံ ၆စီထိ
## ဝေါဋ္ဌဗ္ဗန ဝါရ

၁။ တီ၄ကြိမ်၊ နု၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ဝု၊ဝု၊ ဘွင်၊ဘွင်၊
ဘွင်၊ဘွင်။
၂၊ တီ ၅ကြိမ်၊ နု၊ဒ၊ပ၊စ၊သံ၊ဏ၊ ဝု၊ဝု၊ဝု၊ ဘွင်၊ဘွင်၊
ဘွင်။
၃။ တီ ၆ ကြိမ်၊ နု၊ဒ၊ပ၊စ၊ သံ၊ဏ၊ ဝု၊ဝု၊ဝု၊ ဘွင်၊
ဘွင်။
၄။ တီ ၇ ကြိမ်၊ နု၊ဒ၊ပ၊စ၊သံ၊ဏ၊ ဝု၊ဝု၊ဝု၊ ဘွင်။
၅။ တီ ၈ ကြိမ်၊ နု၊ဒ၊ပ၊စ၊ သံ၊ဏ၊ ဝု၊ဝု၊ ဝု။
၆။ တီ ၉ကြိမ် နု၊ဒ၊ပ၊စ၊ သံ၊ဏ၊ ဝု၊ဝု၊

**အတိမဟန္တာရုံ ၆ ဝီထိ**
**မောဃဝါရ**

၁။ တီ ၁၀ ကြိမ်၊ နနှ၊ ဘွင်၊ဘွင် ဘွင်၊ဘွင်၊ဘွင်။
၂။ တီ ၁၁ ကြိမ်၊ နနှ၊ ဘွင်၊ဘွင်၊ဘွင်၊ဘွင်
၃။ တီ ၁၂ ကြိမ်၊ နနှ ဘွင်၊ဘွင်၊ဘွင်။
၄။ တီ ၁၃ ကြိမ်၊ နနှ၊ ဘွင်၊ဘွင်။
၅။ တီ ၁၄ ကြိမ်၊ နနှ၊ ဘွင်။
၆။ တီ ၁၅ ကြိမ်၊ နနှ။

သောတဒွါရ စီသိစသည့်၌ သောတဝိညာဏ် (သော) ကိုတည့်၍ ၇၅ ဝီသိ စီရေတွက်ပါလေ။

**မဟန္တာရုံဝီထိ၌ ဝီထိစိတ်သရုပ် သင်္ဂဟဂါထာ**

ဝီထိစိတ္တာနိ ဆဠေ၀၊ စိတ္တုပ္ပါဒါဝိတ္ထာရတော။
ဆစတ္တာလီသ ဝိတ္ထာရာ၊ မဟန္တေပဥ္စဒွါရိကေ။

**ပရိတ္တာရုံဝီထိ၌ ဝီထိစိတ်သရုပ် သင်္ဂဟဂါထာ**

ဝီထိစိတ္တာနိ ပဉ္စေဝ၊ စိတ္တုပ္ပါဒါ သတ္တမတာ၊
သတ္တသုသဝိတ္ထာရေန၊ ပရိတ္တေပဥ္စဒွါရိကေ။ ။

---

**မနောဒွါရ ကာမဇဝနဝါရ**
**ဝိဘူတာရုံဝီထိ**

တီ၊ န၊ ဒ၊ မ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရှိ၊ ရှိ၊ ဘွင်၊ ဘွင်၊ ဘွင်၊ ဘွင်၊

## အဝိဘူတာရုံဝီထိ

တီ၊ နှ၊ ဒ၊ မ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊
ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊

(အမှာ) ဤမနောဒွါရဝီထိ၌ ပစ္စုပ္ပန် ရူပါရုံထင်သော အခါ၌သာ အတီတဘဝင် ချရ၍ ကျန်အာရုံတို့၌ အတီတဘဝင်မချရပါ။

## အဝိဘူတာရုံ ဝီထိ၌ ဝီထိစိတ်သချုပ် သင်္ဂဟဂါထာ

ဝီထိစိတ္တာနိဒ္ဒယေဝ၊ စိတ္တုပ္ပါဒါအဋ္ဌမတာ၊
ဝိတ္တာရေန ပနေတ္ထေဝ၊ တိ သတ္တတိဝိဘာဝယေ။ ။

## မနောဒွါရ အပ္ပနာဇောဝါရ

အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံ ကွဲပြားခြင်းနှင့်တဒါရုံကျခြင်းမရှိပါ၊ ကာမာဝစရဉာဏသမ္ပယုတ်ဇော ၈ ပါးတို့သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ အမည်များဖြင့် ဖြစ်၍ အပ္ပနာဇောများ ဆက်ကျပြီးလျှင် ဘဝင်ကျပါသည်။

## ဈာနဝီထိ

## မန္ဒပည ပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိ

ဘဝင်၊ နှ၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘဝင်၊

ရကြိမ်

## တိက္ခပည ပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိ

ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘွင်၊ ဘွင်၊ ဘွင်၊ ဘွင်၊ ဘွင်

## တိက္ခပည ပုဂ္ဂိုလ်၏ ဈာနသမာပတ္တိဝီထိ

ဘွင်– န– ဒ– မ– ဥ– နု– –ဂေါ– ဈ– ဈ– ဈ– ဘွင်– ဘွင်– ဘွင်– ဘွင်– ဘွင်

(အမှာ) ဤဈာနသမာပတ္တိဝီထိ၌ဈာန် ၂ ကြိမ် ၃ ကြိမ်မှ စ၍ အကြိမ်များစွာကျနိုင်ပါသည်။

## မဂ္ဂဝီထိ

## မန္ဒပည ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ

ဘွင်– န– ဒ– မ– ပ– ဥ– နု– ဂေါ– မဂ်– ဖိုလ်– ဖိုလ်– ဘွင်– ဘွင်– ဘွင်– ဘွင်

## မန္ဒပည ပုဂ္ဂိုလ်၏ အထက်မဂ်ဝီထိ

ဘွင်–န– ဒ– မ– ပ– ဥ– နု– ဂေါ– မဂ်– ဖိုလ်–ဖိုလ် ဘွင်– ဘွင်– ဘွင်– ဘွင်– ဘွင်

## မန္ဒပည ပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ

ဘွင်– န– ဒ– မ– နု– နု– နု– နု– ဖိုလ်များစွာ– ဘွင်– ဘွင်– ဘွင်– ဘွင်– ဘွင်

## တိက္ခပည ပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ

ဘွင်- န- ဒ- မ- နု- နု- နု- ဖိုလ်များစွာ-
ဘွင်- ဘွင်- ဘွင်- ဘွင်- ဘွင်- ဘွင်

## ကာမဇောနှောင် အပ္ပနာဇောများကျပုံ

၁။ ကာမာဝစရ ဉာဏသမ္ပယုတ်ဇော ၈ ပါး နှောင်အပ္ပနာဇောအကျဉ်း ၂၆ ပါး၊ အကျယ် ၅၈ ပါးဖြစ်နိုင်ပါသည်၊

၂(က) ကာမာဝစရ ဉာဏသမ္ပယုတ်သောမနဿဇော ၄ ပါးနှောင် သောမနဿအပ္ပနာဇော ၄၀ ဖြစ်နိုင်ပါသည်၊

(ခ) ကာမာဝစရ ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၄ ပါးနှောင် ဥပေက္ခာအပ္ပနာဇော ၁၈ ပါး ဖြစ်နိုင်ပါသည်၊

၃(က) ကာမာဝစရ ကုသိုလ်ဉာဏ သမ္ပယုတ်ဇော ၄ ပါး နှောင်ကုသိုလ်အပ္ပနာဇော ၂၇ ပါးနှင့် အောက်ဖိုလ် အပ္ပနာဇော ၁၅ ပါးအားဖြင့် အပ္ပနာဇော ၄၄ ပါး ဖြစ်နိုင်ပါသည်။

(ခ) ကာမာဝစရ ကြိယာဉာဏ သမ္ပယုတ်ဇော ၄ ပါး နှောင်ကြိယာ အပ္ပနာဇော ၁၈ ပါးနှင့် အရဟတ္တဖိုလ် အပ္ပနာဇော ၅ ပါးအားဖြင့် အပ္ပနာဇော ၁၄ ပါး ဖြစ်နိုင်ပါသည်၊

(အမှာ) ၄၄ပါးတွင်သောမနဿ ၃၂ ပါး၊ ဥပေက္ခာ ၁၂ ပါးဖြစ်၍။ ၁၄ ပါးတွင်သောမနဿ ၈ ပါး၊ ဥပေက္ခာ ၆ ပါးဖြစ်၏၊

၄(က) **ဒွတ္တိံသသုခပုညမှာ**

သောမနဿ သဟဂုတ်မဟာ ကုသိုလ်ဉာဏ သမ္ပယုတ်ဇော ၂ ပါးနောင် ကုသိုလ်နှင့် အောက်ဖိုလ်သော မနဿအပ္ပနာဇော ၃၂ ပါးဖြစ်ပါသည်၊

(ခ) **ဒွါဒသော ပေက္ခကာပရံ**

ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ကုသိုလ်နှင့် ဥပေက္ခာ အပ္ပနာဇော ၁၂ ပါးဖြစ်ပါသည်၊

(ဂ) **သုခိတကြိယတောအဋ္ဌ**

သော မနဿသဟဂုတ် မဟာကြိယာ ဉာဏ သမ္ပယုတ်ဇော ၂ ပါး နောင် ကြိယာနှင့် အရဟတ္တဖိုလ် သောမနဿ အပ္ပနာဇော ၈ပါး ဖြစ်ပါသည်။

(ဃ) **ဆသမ္ဘောန္တိဥပေက္ခကာ**

ဥပေက္ခာသဟဂုတ်မဟာကြိယာဉာဏသမ္ပယုတ်ဇော ၂ ပါး နောင် ကြိယာနှင့် အရဟတ္တဖိုလ် ဥပေက္ခာ အပ္ပနာဇော ၆ ပါး ဖြစ်ပါသည်။

**တဒါရမ္မဏနိယမ**

အနိဋ္ဌာရုံ၌ အကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ တဒါရုံတို့ဖြစ်ကြပါသည်။

ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလ ဝိပါက် ဖြစ်သော ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်၊ ဥပေက္ခာသန္တီရဏနှင့် ဥပေက္ခာ တဒါရုံတို့ဖြစ်ကြပါသည်။

အတိက္ကန္တာရုံ၌ ကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်၊ သောမနဿ သန္တီရဏနှင့် သောမနဿ တဒါရုံ တို့ဖြစ်ကြပါသည်။

### ဇောနောင်တဒါရုံကျပုံ

ဟသိ တုပ္ပါဒ်ဇော ၁ ပါး၊ မဟာကြိယာ သောမနဿ သဟဂုတ်ဇော ၄ ပါး၊ ဉာဏ်ဇော ၅ ပါးနောင်သောမနဿ တဒါရုံ ၅ ပါးကျနိုင်ပါသည်။

မဟာကြိယာ ဥပေက္ခာ သဟဂုတ်ဇော ၄ ပါး နောင် ဥပေက္ခာ တဒါရုံ ၆ ပါးကျနိုင်ပါသည်။

ဒေါသဇော ၂ ပါး နောင်ဥပေက္ခာ တဒါရုံ ၆ ပါး ကျနိုင်ပါသည်။

ကြွင်းသော ကာမဇော ၁၀ ပါး နောင်တဒါရုံ ၁၁ ပါး ကျနိုင်ပါသည်။

### အာဂန္တုကဘဝင်ကျပုံ

သောမနဿ သဟဂုတ်စိတ်နှင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်၏ ဒေါမနဿ သဟဂုတ်ဇော နောင် တဒါရုံ မကျနိုင်သော ကြောင့် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုက ဘဝင်အဖြစ်ကျပါသည်။

### ဝိပါက်အမှန်ဇောအပြန်

တဒါရုံစသော ဝိပါက်စိတ်တို့သည် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ စသည့်အာရုံ အားလျော်စွာ ဝေဒနာယှဉ်ပုံ မြဲသည်ကို ဝိပါက် အမှန်ဟုဆို၍ ကာမကုသိုလ်၊ အကုသိုလ်ဇောတို့သည် ဣဋ္ဌာရုံ

အနိဋ္ဌာရုံ သေည့်အ လိုက် မဖြစ်ကြမူ၍ ယောနိသော မနသိ ကာရ။ အယောနိသော မနသိကာရအားဖြင့် ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဇော များဖြစ်ကြသောကြောင့် ဇောအပြန်ဟု ဆိုပါသည်။

ကြိယဇောများမှာ ရဟန္တာသန္တာန်၌သာ ဖြစ်သော ကြောင့် အမြဲမှန်ပါသည်။

**ရှင်းလင်းမှာထားချက်**

သဘာဝ ဣဋ္ဌာရုံ ခေါ် ဣဋ္ဌမဇ္ဈတ္တာရုံတွင် ကုသလ ဝိပါက်ဥပေက္ခာသန္တီရဏ တဒါရုံဖြစ်ပါသည်။

သဘာဝအတိဣဋ္ဌာရုံ၌ ကုသလဝိပါက် သောမနဿ သန္တီရဏ တဒါရုံဖြစ်ပါသည်။

သဘာဝအနိဋ္ဌာရုံတွင် အကုသလဝိပါက် ဥပေက္ခာသန္တီ ရဏ တဒါရုံများဖြစ်ပါသည်။

အတိဣဋ္ဌာရုံဖြစ်သောဘုရားအာရုံ၌ သောမနဿ ဇော မဖြစ်ပါ၊ ဒိဋ္ဌိတို့ ဒေါသ ဇောစောစပါသည်။

အနိဋ္ဌာရုံဖြစ်သော ခွေးကောင်ပုတ်အာရုံ၌ ကျီး ငှက်တို့သောမနဿဇောစောနိုင်ပါသည်။

**တရုံဒါကျခြင်း အင်္ဂါ ၃ ပါး**

ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ ဤအင်္ဂါ ၃ ပါးနှင့် ညီသော် ဝိဘူတာရုံ ဝီထိနှင့် အတိမဟန္တာရုံဝီထိ နှစ်မျိုး၌သာ တဒါရုံကျနိုင်ပါသည်။

## ဇဝန နိယမ

## မရဏာသန္နကာလာဒီသု၌ အာဒိသဒ္ဒါဖြင့်

တွေဝေမိန်းမောမေ့မျောနေသော မုစ္ဆာကာလ၊ သတိကင်း၍ မေ့လျော့နေသော ဝိသညီကာလ၊ မွေးဖွားခါစကဲ့သို့ အတိတရုဏကာလ တို့ကို ယူရပါသည်။

## မန္ဒပညပုဂ္ဂိုလ်၏ အဘိညာဉ်ဝီထိ

ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဘိ ၊ ဘွင်၊ ဘွင်၊ ဘွင်

## တိက္ခပုဂ္ဂိုလ်၏ အဘိညာဉ်ဝီထိ

ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဘိ ၊ဘွင်၊ ဘွင်၊ဘွင်၊ ဘွင်

## အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ

ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ (နေဝကုစျ၊ စျ) နိရောဓ၊ အနာဂါမိဖိုလ်၊ ဘွင်၊

## ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ

ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ (နေဝကြိ ဈ၊ ဈ) နိရောဓ၊ အရဟတ္တဖိုလ်၊ ဘွင်

## မရဏာသန္နဝိထိ ၄ မျိုး

### ၁။ ဇောခနောင်စုတိကျသော ဝိထိ

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ စု၊ ပဋိ၊ ဘဝင်

### ၂။ ဇောဘဝင်နောင်စုတိကျသော ဝိထိ

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ ဇ၊ ဇ၊ ဇ၊ ဘဝင်၊ စု၊ ပဋိ၊ ဘဝင်

### ၃။ တဒါရုံနောင်စုတိကျသော ဝိထိ

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ၊ စု၊ ပဋိ၊ ဘဝင်၊

### ၄။ တဒါရုံဘဝင်နောင်စုတိကျသော ဝိထိ

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ၊ ဘဝင်၊ စု၊ ပဋိ၊ ဘဝင်၊

---

## ဇောအကြိမ်များ

### တစ်ကြိမ်ဇောသောဇော

အာဒိကမ္မိက အပ္ပနာဝီထိ၌ မဟဂ္ဂုတ်ဇော၊ အဘိညာဉ်ဇော၊ မဂ်ဇောနှင့် နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇောတို့ဖြစ်ပါသည်။

## နှစ်ကြိမ်စောသောဇော

နိရောဓသမာပတ္တိဝီထိ၌ နေဝသညာနာသညာယတနဇော၊ မဂ္ဂပုဂ္ဂိုလ်၏ မဂ္ဂါနန္တရဖိုလ်ဇောတို့ ဖြစ်ပါသည်။

## သုံးကြိမ်စောသောဇော

တိက္ခပုဂ္ဂိုလ်၏ အပ္ပနာဝီထိ၌ ဥာဏသမ္ပယုတ် ကာမဇော၊ တိက္ခပုဂ္ဂိုလ်၏ မဂ္ဂါနန္တရဖိုလ်ဇောတို့ ဖြစ်ပါသည်၊

## လေးကြိမ်စောသောဇော

မြတ်စွာဘုရားနှင့် တိက္ခပုဂ္ဂိုလ်တို့၏ တန်ခိုးပြသောအခါ၌ ဖြစ်သောကာမဇော၊ ဒန္ဓာဘိညာပုဂ္ဂိုလ်၏ အပ္ပနာဇောရှေ့၌ ဖြစ်သောကာမဇောတို့ ဖြစ်ပါသည်။

## ငါးကြိမ်စောသောဇော

မရဏာသန္နကာလ၊ မရဏာသန္နကာလနှင့် တူသောမုစ္ဆာကာလ၊ မဒိန္ဒြိယပုဂ္ဂိုလ်တို့၏ တန်ခိုးပြရာကာလ၌ ဖြစ်သော ကာမဇောတို့ ဖြစ်ပါသည်။

## ခြောက်ကြိမ်စောသောဇော

မိန်းမောတွေဝေနေသောကာလ၌ ဖြစ်သောကာမဇော ပကတိကာလ၌ဖြစ်သော ကာမဇောတို့ဖြစ်ပါသည်။

## ခုနစ်ကြိမ်စောသောဇော

ပကတိကာလ၌ ဖြစ်သော ကာမဇောတို့ ဖြစ်ပါသည်။

အကြိမ်များစွာစောသောဇော

ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိတို့၌ဖြစ်သော အပ္ပနာဇောများ ဖြစ်ပါသည်။

## ပုဂ္ဂလ ဘေဒ

## ပုဂ္ဂိုလ် ၁၂-ယောက်

ပုထုဇဉ် ပုဂ္ဂိုလ် ၄ ယောက်၊ အရိယာ ပုဂ္ဂိုလ် ၈ ယောက်။

### ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်

| | |
|---|---|
| ၁။ ဒုဂ္ဂတိ အဟိတ် ပုထုဇဉ် | ၁ ယောက် |
| ၂။ သုဂတိအဟိတ် ပုထုဇဉ် | ၁ ယောက် |
| ၃။ ဒွိဟိတ်ပုထုဇဉ် | ၁ ယောက် |
| ၄။ တိဟိတ်ပုထုဇဉ် | ၁ ယောက် |

### အရိယာ ပုဂ္ဂိုလ် ၈ ယောက်

မဂ်ပုဂ္ဂိုလ် ၄ ယောက်၊ ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်

### မဂ်ပုဂ္ဂိုလ် ၄ ယောက်

| | |
|---|---|
| ၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ် | ၁ ယောက် |
| ၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ် | ၁ ယောက် |
| ၃။ အနာဂါမိမဂ်ပုဂ္ဂိုလ် | ၁ ယောက် |
| ၄။ အရဟတ္တမဂ်ပုဂ္ဂိုလ် | ၁ ယောက် |

## ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်

၁။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် ၁ ယောက်
၂။ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ် ၁ ယောက်
၃။ အနာဂါမိဖိုလ် ပုဂ္ဂိုလ် ၁ ယောက်
၄။ အရဟတ္တဖိုလ် ပုဂ္ဂိုလ် ၁ ယောက်

---

## ပုဂ္ဂိုလ်စိတ်ရ

## ကာမပုဂ္ဂိုလ်စိတ်ရ

### ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်စိတ်ရ ၃၇ ပါး

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| ဟသိတုပ္ပါဒ် အဟိတ်စိတ် | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |

### သုဂတိအဟိတ် ပုဂ္ဂိုလ်စိတ်ရ ၄၁ ပါး

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| ဟသိတုပ္ပါဒ်အဟိတ်စိတ် | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် | ၄ ပါး |

### ဒွိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၁ ပါး

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| ဟသိတုပ္ပါဒ်အဟိတ်စိတ် | ၁၇ ပါး |

**မဟာကုသိုလ်** ၈ ပါး
မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄ ပါး

**ချွန်မရကာမတိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၅ ပါး**

အကုသိုလ်စိတ် ၁၂ ပါး
ဟသိတုပ္ပါဒ်အဟိတ်စိတ် ၁၇ ပါး
မဟာကုသိုလ်စိတ် ၈ ပါး
မဟာဝိပါက်စိတ် ၈ ပါး

**ချွန်ရ ကာမတိဟိတ် ပုဂ္ဂိုလ်စိတ်ရ ၅၄ ပါး**

အထက်ပါ ၄၅ ပါးတွင် မဟာကြိယာကုသိုလ် ၉ ပါး ထည့်ပေါင်း၍ ၅၄ ပါး ဖြစ်ပါသည်။

မဂ်ပုဂ္ဂိုလ်စိတ်ရ

သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ် ၁ ပါးသာရ၏။

သကဒါဂါမိမဂ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ် ၁ ပါးသာရ၏။

အနာဂါမိမဂ် ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ် ၁ ပါးသာရ၏။

အရဟတ္တမဂ် ပုဂ္ဂိုလ်သည် အရဟတ္တမဂ်စိတ် ၁ ပါးသာရ၏။

## ဖိုလ်ပုဂ္ဂိုလ်စိတ်ရ

### ဈာန်မရ ကာမသောတာပန် ပုဂ္ဂိုလ်စိတ်ရ ၄၁ ပါး

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၇ ပါး |
| အဟိတ်စိတ်မှ | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| သောတာပတ္တိဖိုလ်စိတ် | ၁ ပါး |

### ဈာန်ရ ကာမသောတာပန်စိတ်ရ ၅၀ ပါး

အထက်ပါ ၄၁ ပါးတွင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး ထည့်ပေါင်း၍ ၅၀ ပါးဖြစ်ပါသည်။

### ဈာန်မရ ကာမသကဒါဂါမ် ပုဂ္ဂိုလ်စိတ်ရ ၄၁ ပါး

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၇ ပါး |
| အဟိတ်စိတ်မှ | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| သကဒါဂါမိဖိုလ်စိတ် | ၁ ပါး |

### ဈာန်ရ ကာမသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ ၅၀ ပါး

၄၁ ပါးတွင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး ထည့်ပေါင်း၍ ၅၀ ပါးဖြစ်ပါသည်။

### ဈာန်မရ ကာမ အနာဂါမ် ပုဂ္ဂိုလ်စိတ်ရ ၃၉ ပါး

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| အနာဂါမိဖိုလ်စိတ် | ၁ ပါး |

### ဈာန်ရကာမ အနာဂါမ် ပုဂ္ဂိုလ်စိတ်ရ ၄၈ ပါး

၃၉ ပါးတွင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး ထည့်ပေါင်း၍ ၄၈ ပါး ဖြစ်ပါသည်။

### ဈာန်မရကာမရဟန္တာ ပုဂ္ဂိုလ်စိတ်ရ ၃၅ ပါး

| | |
|---|---|
| အဟိတ်စိတ် | ၁၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| အရဟတ္တဖိုလ်စိတ် | ၁ ပါး |

### ဈာန်ရကာမ ရဟန္တာ ပုဂ္ဂိုလ်စိတ်ရ ၄၄ ပါး

၃၅ ပါးတွင် မဟဂ္ဂုတ်ကြိယာ ၉ ပါးထည့်ပေါင်း၍ ၄၄ ပါး ဖြစ်ပါသည်။

## ဘုမိဝိဘာဂ

## ၃၁-ဘုံ

ကာမ ၁၁ ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄ ဘုံ

**ကာမ ၁၁ ဘုံ၌ ဝိထိစိတ်ရ**

မဟာဂ္ဂုတ်ဝိပါက် ၉ ပါးကြဉ်၍ ဝိထိစိတ် ၈၀ ရ၏။

**ရူပ ၁၅ ဘုံ၌ ဝိထိစိတ် ၆၄ ပါးရ၏**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၁၀ ပါး |
| အဟိတ်စိတ်မှ | ၁၂ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကုသိုလ် | ၉ ပါး |
| မဟဂ္ဂုတ်ကြိယာ | ၉ ပါး |
| လောကုတ္တရာစိတ် | ၈ ပါး |

**ရူပ ၁၅ ဘုံ၌ စိတ် ၆၉ ပါး ရပါသည်**

၆၄ ပါးတွင် ရူပဝိပါက် ၅ ပါး ထည့်ပေါင်း၍ ၆၉ ပါး ဖြစ်ပါသည်။

**အရူပ ၄ ဘုံ၌ ဝိထိစိတ် ၄၂ ပါး ရပါသည်**

| | |
|---|---|
| အကုသိုလ် စိတ်မှ | ၁၀ ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |

| | |
|---|---|
| မဟာကြိယာစိတ် | ၈ ပါး |
| အရူပကုသိုလ် | ၄ ပါး |
| အရူပကြိယာ | ၄ ပါး |
| လောကုတ္တရာစိတ် | ၇ ပါး |

## အရူပ ၄ ဘုံ၌ စိတ် ၄၆ ပါး ရပါသည်

၄၂ ပါးတွင် အရူပ ဝိပါက် ၄ ပါး ထည့်ပေါင်း၍ ၄၆ ပါး ဖြစ်ပါသည်။

အသညသတ်ဘုံ၌ စိတ်ရမရှိပါ။

## ရူပပုဂ္ဂိုလ်စိတ်ရ

(အမှာ) ရူပဘုံ၌ ဒေါသမူဒွေး၊ ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ်ဒွေး၊ ကာယဝိညာဉ်ဒွေး၊မဟာဝိပါက်စိတ် ၈ ပါး အားဖြင့် ၁၆ ပါး သော စိတ်ကို မရပါ၊ ကာမပုဂ္ဂိုလ်စိတ်ရ တွင် အထက်ပါ ၁၆ ပါးကို နုတ်၍ ဆိုင်ရာ ဝိပါက်ထည့်ခြင်း အားဖြင့် ရူပပုဂ္ဂိုလ် စိတ်ရကို သိနိုင်ပါသည်၊ ရူပရဟန္တာတွင် ၁၄ ပါးသာ နုတ်ပါ။

## ရူပတိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၃ ပါး

၅၄–၁၆=၃၈+၅=၄၃ ပါး(ရူပဝိပါက် ၅ ပါးထည့်)
ရူပပထမဈာန်ဘုံမှ တိဟိတ် ပုဂ္ဂိုလ်စိတ်ရ ၃၉ ပါး
၅၄–၁၆=၃၈+၁=၃၉ ပါး(ပထမဈာန်ဝိပါက်ထည့်)

ရူပဒုတိယစျာန်ဘုံမှ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၀ ပါး
၅၄–၁၆=၃၈+၂=၄၀ ပါး(ဒုတိယစျာန် တတိယစျာန် ဝိပါက်ထည့်)
ရူပတတိယစျာန်ဘုံမှ တိဟိတ် ပုဂ္ဂိုလ်စိတ်ရ ၃၉ ပါး
၅၄–၁၆=၃၈+၁=၃၉ ပါး (စတုတ္ထစျာန်ဝိပါက်ထည့်)
ရူပစတုတ္ထစျာန်ဘုံမှ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၃၉ ပါး
၅၄–၁၆=၃၈+၁=၃၉ ပါး (ပဉ္စမစျာန်ဝိပါက်ထည့်)
ရူပ သောတာပန် ပုဂ္ဂိုလ်စိတ်ရ ၃၉ ပါး
၅၀–၁၆=၃၄+၅=၃၉ ပါး
ပထမစျာန်ဘုံမှ သောတာပန် ပုဂ္ဂိုလ်စိတ်ရ ၃၅ ပါး
၅၀–၁၆=၃၄+၁=၃၅ပါး
ဒုတိယစျာန်ဘုံမှ သောတာပန် ပုဂ္ဂိုလ် စိတ်ရ ၃၆ ပါး
၅၀–၁၆=၃၄+၂=၃၆ ပါး
တတိယစျာန် ဘုံမှ သောတာပန် ပုဂ္ဂိုလ်စိတ်ရ ၃၅ပါး
၅၀–၁၆=၃၄+၁=၃၅ ပါး
စတုတ္ထစျာန်ဘုံမှ သောတာပန် ပုဂ္ဂိုလ်စိတ်ရ ၃၅ ပါး
၅၀–၁၆=၃၄+၁=၃၅ ပါး
(အမှာ) ရူပသကဒါဂါမိနှင့် အနာဂါမ် စိတ်ရမှာ သောတာပန်စိတ်ရနှင့် တူပါသည်။
ရူပရဟန္တာပုဂ္ဂိုလ်စိတ်ရ ၃၅ ပါး
၄၄–၁၄=၃၀+၅ = ၃၅ ပါး
ပထမစျာန်ဘုံမှ ရဟန္တာစိတ်ရ ၃၁ ပါး
၄၄–၁၄ = ၃၀+၁ = ၃၁ ပါး

ဒုတိယဈာန်ဘုံမ ရဟန္တာစိတ်ရ ၃၂ ပါး

၄၄-၁၄ = ၄၀+၂ = ၃၂ ပါး

တတိယဈာန်ဘုံမှ ရဟန္တာစိတ်ရ ၃၁ ပါး

၄၄-၁၄=၃၀+၁=၃၁ ပါး

စတုတ္ထဈာန်ဘုံမှ ရဟန္တာစိတ်ရ ၃၁ ပါး

၄၄-၁၄=၃၀+၁ = ၃၁ ပါး

## အရူပပုဂ္ဂိုလ်စိတ်ရ

| | | |
|---|---|---|
| အရူပတိဟိတ်ပုဂ္ဂိုလ်စိတ်ရ | ၂၇ | ပါး |
| အကုသိုလ်စိတ်မှ | ၁၀ | ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁ | ပါး |
| မဟာကုသိုလ်စိတ် | ၈ | ပါး |
| အရူပကုသိုလ် | ၄ | ပါး |
| အရူပဝိပါက် | ၄ | ပါး |

**အာကာသာနဉ္စာယတနဘုံ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၂၄ ပါး**

| | | |
|---|---|---|
| အကုသိုလ်စိတ်မှ | ၁၀ | ပါး |
| အဟိတ်စိတ်မှ | ၁ | ပါး |
| မဟာကုသိုလ် | ၈ | ပါး |
| အရူပကုသိုလ် | ၄ | ပါး |
| အာကာသာနဉ္စာယတနဝိပါက် | ၁ | ပါး |

**ဝိညာဏဉ္စာယတနဘုံမှ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၂၃ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၁၀ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အထက်အရူပကုသိုလ် | ၃ ပါး |
| ဝိညာဏဉ္စာယတနဝိပါက် | ၁ ပါး |

**အာကိဉ္စညာယတနဘုံမှ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၂၂ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၁၀ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အထက်အရူပကုသိုလ် | ၂ ပါး |
| အာကိဉ္စညာယတနဝိပါက် | ၁ ပါး |

**နေဝသညာနာသညာယတနဘုံမှ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၂၁ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၁၀ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| နေဝသညာနာသညာယတနကုသိုလ် | ၁ ပါး |
| နေဝသညာနာသညာယတနဝိပါက် | ၁ ပါး |

**အရူပသောတာပန်၊ သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ ၂၃ ပါး**

| | |
|---|---|
| ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ဥဒ္ဓစ္စ ၁ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |

| | |
|---|---|
| အရူပကုသိုလ် | ၄ ပါး |
| အရူပဝိပါက် | ၄ ပါး |
| မိမိဖိုလ် | ၁ ပါး |

**အာကာသာနဉ္စာယတနဘုံမှ**

**သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ ၂၀ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အရူပကုသိုလ် | ၄ ပါး |
| အာကာသာနဉ္စာယတနဝိပါက် | ၁ ပါး |
| မိမိဖိုလ် | ၁ ပါး |

**ဝိညာဏဉ္စာယတနဘုံမှ**

**သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ ၁၉ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အရူပကုသိုလ်မှ | ၃ ပါး |
| ဝိညာဏဉ္စာယတနဝိပါက် | ၁ ပါး |
| မိမိဖိုလ် | ၁ ပါး |

**အာကိဉ္စညာယတနဘုံမှ**

**သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ ၁၈ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အရူပကုသိုလ်မှ | ၂ ပါး |
| အာကိဉ္စညာယတနဝိပါက် | ၁ ပါး |
| မိမိဖိုလ် | ၁ ပါး |

**နေဝသညာ နာသညာယတနဘုံမှ**

**သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ ၁၇ ပါး**

| | |
|---|---|
| အကုသိုလ်စိတ်မှ | ၅ ပါး |
| အဟိတ်စိတ်မှ | ၁ ပါး |
| မဟာကုသိုလ် | ၈ ပါး |
| အရူပကုသိုလ်မှ | ၁ ပါး |
| အရူပဝိပါက်မှ | ၁ ပါး |
| မိမိဖိုလ် | ၁ ပါး |

အရူပရဟန္တာစိတ်ရ ၁၈ ပါး

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကြိယာ | ၈ ပါး |
| အရူပကြိယာ | ၄ ပါး |
| အရူပဝိပါက် | ၄ ပါး |
| အရဟတ္တဖိုလ် | ၁ ပါး |

**အာကာသာနဉ္စာယတနရဟန္တာပုဂ္ဂိုလ်စိတ်ရ ၁၅ ပါး**

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကြိယာ | ၈ ပါး |
| အရူပကြိယာ | ၄ ပါး |
| အရူပဝိပါက် | ၄ ပါး |
| အရဟတ္တဖိုလ် | ၁ ပါး |

**ဝိညာဏဉ္စာယတနရဟန္တာစိတ်ရ ၁၄ ပါး**

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကြိယာ | ၈ ပါး |
| အရူပကြိယာမှ | ၃ ပါး |
| ဝိညာဏဉ္စာယတနဝိပါက် | ၁ ပါး |
| အရဟတ္တဖိုလ် | ၁ ပါး |

**အာကိဉ္စညာယတနရဟန္တာစိတ်ရ ၁၃ ပါး**

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကြိယာ | ၈ ပါး |
| အရူပကြိယာမှ | ၂ ပါး |
| အာကိဉ္စညာယတနဝိပါက် | ၁ ပါး |
| အရဟတ္တဖိုလ် | ၁ ပါး |

**နေဝသညာ နာသညာယတနဘုံမှ ရဟန္တာစိတ်ရ ၁၂ ပါး**

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကြိယာ | ၈ ပါး |
| နေဝကြိယာ | ၁ ပါး |
| နေဝဝိပါက် | ၁ ပါး |
| အရဟတ္တဖိုလ် | ၁ ပါး |

# ဝီထိမုတ်ပိုင်း

## စတုက္က ၄ မျိုး

ဘူမိစတုက္က၊ ပဋိသန္ဓိစတုက္က၊ ကမ္မစတုက္က၊ မရဏုပ္ပတ္တိစတုက္က

### ဘူမိစတုက္က

### ဘုံ ၄ မျိုး

အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံ

### ၃၁ ဘုံ

ကာမ ၁၁ ဘုံ၊ ဗြဟ္မာ ၂၀

### ကာမ ၁၁ ဘုံ

အပါယ် ၄ ဘုံ၊ ကာမသုဂတိ ၇ ဘုံ

### အပါယ် ၄ ဘုံ

ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ

### ကာမသုဂတိ ၇ ဘုံ

လူ့ဘုံ၊ နတ် ၆ ဘုံ

### နတ် ၆ ဘုံ

စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ

## ပြဿနာ ၂၀

ရူပါဝစရ ၁၆ ဘုံ၊ အရူပါဝစရ ၄ ဘုံ

### ရူပါဝစရ ၁၆ ဘုံ

ပဌမစျာန် ၃ ဘုံ၊ ဒုတိယစျာန် ၃ ဘုံ၊ တတိယစျာန် ၃ ဘုံ၊ စတုတ္ထစျာန် ၇ ဘုံ

### အရူပါဝစရ ၄ ဘုံ

အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာ နာသညာယတနဘုံ၊

### ဘုံ၌ရသောပုဂ္ဂိုလ်များ

အပါယ် ၄ ဘုံ၌ ဒုဂ္ဂတိ အဟိတ်ပုထုဇဉ် ၁ ယောက်သာ ရ၏။

လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ကို ကြဉ်၍ ပုဂ္ဂိုလ် ၁၁ ယောက် ရပါသည်။

ကျန်သော နတ် ၅ ဘုံ၌ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ် ပုဂ္ဂိုလ် နှစ်ယောက်ကို ကြဉ်၍ ၁၀ ယောက်ရပါသည်။

အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုဂ္ဂိုလ် ၁ ယောက်သာ ရပါသည်။

သုဒ္ဓါဝါသ ၅ ဘုံ၌ အနာဂါမ်ဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ် ၃ ယောက် ရပါသည်။

ကျန်ရူပ ၁၀ ဘုံ၌ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ၁ ယောက်၊ အရိယာပုဂ္ဂိုလ် ၈ ယောက်အားဖြင့် ပုဂ္ဂိုလ် ၉ ယောက် ရပါသည်။

အရူပ ၄ ဘုံ၌ သောတာပတ္တိမဂ် ပုဂ္ဂိုလ်ကြဉ်၍ အရိယာပုဂ္ဂိုလ် ၇ ယောက်၊ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် ၁ ယောက် အားဖြင့် ၈ ယောက်ရပါသည်။

---

## ပဋိသန္ဓိစတုက္က

### ပဋိသန္ဓေ ၄ မျိုး

အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိပဋိသန္ဓေ၊ ရူပါဝစရပဋိသန္ဓေ၊ အရူပါဝစရပဋိသန္ဓေ။

### ကာမပဋိသန္ဓေ ၁၀ မျိုး

အပါယ်ပဋိသန္ဓေ ၁ မျိုး၊ ကာမသုဂတိ ပဋိသန္ဓေ ၉ မျိုး။

### အပါယ်ပဋိသန္ဓေ ၁ မျိုး

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ် ပုဂ္ဂိုလ် တို့၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ်မည်၏။

### ကာမသုဂတိပဋိသန္ဓေ ၉ ပါး

အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် လူဇာစ္စန္ဓပုဂ္ဂိုလ်နှင့် ဝိနိပါတိက အသူရာတို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်မည်၏။

မဟာဝိပါက်စိတ် ၈ ပါးသည် ကာမသုဂတိ ၇ ဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ် ပုဂ္ဂိုလ် တို့၏ ပဋိသန္ဓေစိတ် မည်၏၊ ဘဝင်စိတ် မည်၏၊ စုတိစိတ်မည်၏။

## ဇစ္စန္ဓာဒိဉ္စ အာဒိသဒ္ဒါအရ

ပဋိသန္ဓေအခါမှစ၍နားပင်းသောပုဂ္ဂိုလ်၊ အသောပုဂ္ဂိုလ်၊ ဆွံ့သော ပုဂ္ဂိုလ်၊ ရူးသွပ်သောပုဂ္ဂိုလ်၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုံးသက ပုဂ္ဂိုလ်နှင့် စကား တင်င်င်အမှင်ပြေတ်ပြောတတ်သော ပုဂ္ဂိုလ် စသည်တို့ကို ယူရပါသည်။

---

## သတ္တဝါတို့၏ အသက်တမ်းကိုပြခြင်း

## ကာမပုဂ္ဂိုလ်တို့၏အသက်တမ်း

အပါယ်လေးဘုံသားများ၊ လူများနှင့် ဝိနိပါတိက အသူရာနတ်များတွင် တချို့ အသက်တို၍၊ တချို့ အသက်ရှည်သောကြောင့် အသက်တမ်း အမြဲမရှိသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

စတုမဟာရာဇ် နတ်တို့သည် နတ်အရေအတွက် အားဖြင့်အသက်တမ်း အနှစ် ငါးရာ ရှိ၍ လူတို့၏ အရေ အတွက်အားဖြင့် အနှစ်ကိုးသန်း ရှိပါသည်။

တာဝတိံသာ နတ်တို့သည် နတ်အရေအတွက် အားဖြင့်အသက်တမ်း တစ်ထောင်ရှိ၍ လူအရေအတွက် အားဖြင့်သုံးကုဋေနှင့် ခြောက်သန်း ရှိပါသည်။

ယာမာနတ်တို့သည် နတ်အရေအတွက်အားဖြင့် အသက်တမ်း နှစ်ထောင် ရှိ၍ လူ အရေအတွက်အားဖြင့် ဆယ့်လေးကုဋေနှင့် လေးသန်း ရှိပါသည်။

တုသိတာနတ်တို့သည် နတ်အရေအတွက်အားဖြင့် အသက်တမ်း လေးထောင်ရှိ၍ လူအရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေနှင့် ခြောက်သန်း ရှိပါသည်။

နိမ္မာနရတိနတ်တို့သည် နတ်အရေအတွက်အားဖြင့်အသက်တမ်း ရှစ်ထောင်ရှိ၍ လူအရေအတွက်အားဖြင့် ကုဋေနှစ်ရာသုံးဆယ်နှင့် လေးသန်းရှိပါသည်။

ပရနိမ္မိတဝသဝတ္တီနတ်တို့သည်နတ်အရေအတွက်အားဖြင့် အသက်တမ်း တစ်သောင်းခြောက်ထောင်ရှိ၍၊ လူအရေအတွက်အားဖြင့် ကိုးရာ့ နှစ်ဆယ့် တစ်ကုဋေနှင့် ခြောက်သန်း ရှိပါသည်။

## နတ်တို့အသက် လူ့ရေတွက်ခြင်း

(ဆောင်) ကိုးသန်းမဟာရေ၊
ဝတိံ့သေသုံးကုဋေ ခြောက်သန်းပါ၊
ဆယ့်လေးကုဋေ လေးသန်းခပ၊ မှတ်လေ
နတ်ယာမာ
ငါးဆယ့် ခုနစ်ကုဋေ ခြောက်သန်းပေ၊
တွက်လေ တုသိတာ၊

ကုဋေ နှစ်ရာ့သုံးဆယ်၊ လေးသန်းသွယ်၊
မှတ်ဘွယ် နဘ်နိမ္မာ၊
ကိုးရာ့ နှစ်ဆယ်တစ်ကုဋေ၊ ခြောက်သန်းပေ၊
မှတ်လေ နိမ္မိတာ၊
နတ်ဘုံ့အသက် လူ့ရေတွက်မှတ်ချက်ဤမျှသာ။

## ရူပါဝစရပဋိသန္ဓေ ၆ မျိုး

ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်သည် ပထမဈာန် ၃ ဘုံ၏ ပဋိသန္ဓေစိတ် မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ်မည်၏။

ဒုတိယဈာန် ဝိပါက်စိတ်နှင့် တတိယဈာန် ဝိပါက်စိတ်တို့သည် ဒုတိယဈာန် ၃-ဘုံ၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ်မည်၏။

စတုတ္ထဈာန် ဝိပါက်စိတ်သည် တတိယဈာန် ၃-ဘုံ၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏။ စုတိစိတ်မည်၏၊

ပဉ္စမဈာန် ဝိပါက်စိတ်သည် အသညသတ် ကြဉ်သော စတုတ္ထဈာန် ၆ဘုံ၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ်မည်၏။

အသညသတ်ဘုံသည် ရုပ်သာလျှင် ပဋိသန္ဓေ၊ ရုပ်သာလျှင် ပဝတ္တိ၊ ရုပ်သာလျှင် စုတိရှိသော ဘုံမည်၏။

## ရူပပုဂ္ဂိုလ်တို့၏အသက်တမ်း

### ပထမဈာန် ၃ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇဘုံ၌ အသင်္ချေယျကပ် သုံးပုံတစ်ပုံအသက်ရှည်ပါသည်၊

၂။ ဗြဟ္မပုရောဟိတာဘုံ၌ အသင်္ချေယျကပ် ထက်ဝက်အသက်ရှည်ပါသည်၊

၃။ မဟာဗြဟ္မာဘုံ၌ အသင်္ချေယျကပ် တစ်ကပ် အသက်ရှည်ပါသည်၊

### ဒုတိယဈာန် ၃ ဘုံ

၁။ ပရိတ္တာဘာ ဗြဟ္မာဘုံ၌ မဟာကပ်နှစ်ကပ်အသက်ရှည်ပါသည်။

၂။ အပ္ပမာဏာဘာ ဗြဟ္မာဘုံ၌ မဟာကပ်လေးကပ်အသက်ရှည်ပါသည်။

၃။ အာဘဿရဗြဟ္မာဘုံ၌မဟာကပ်ရှစ်ကပ်အသက်ရှည်ပါသည်။

### တတိယဈာန် ၃ ဘုံ

၁။ ပရိတ္တသုဘာ ဗြဟ္မာဘုံ၌ မဟာကပ် ၁၆ ကပ်အသက်ရှည်ပါသည်။

၂။ အပ္ပမာဏသုဘာ ဗြဟ္မာဘုံ၌ မဟာကပ် ၃၂ ကပ်အသက်ရှည်ပါသည်။

၃။ သုဘကိဏှဗြဟ္မာဘုံ၌ မဟာကပ် ၆၄ ကပ် အသက် ရှည်ပါသည်။

**စတုတ္ထစျာန် ၇ ဘုံ**

ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံတို့၌ မဟာကပ် ၅၀၀ ရာ အသက်ရှည်ပါသည်။

အဝိဟာဘုံ၌ မဟာကပ်တစ်ထောင် အသက်ရှည်ပါသည်။

အတပ္ပါဘုံ၌ မဟာကပ် နှစ်ထောင် အသက်ရှည်ပါသည်။

သုဒဿာဘုံ၌ မဟာကပ် လေးထောင် အသက်ရှည်ပါ သည်။

သုဒဿီဘုံ၌ မဟာကပ် ရှစ်ထောင် အသက် ရှည်ပါသည်။

အကနိဋ္ဌာဘုံ၌ မဟာကပ် တစ်သောင်း ခြောက်ထောင် အသက်ရှည်ပါသည်၊

**အရူပါဝစရ ပဋိသန္ဓေ ၄ မျိုး**

၁။ အာကာသာနဉ္စာ ယတန ဝိပါက်စိတ်သည် အာကာ သာနဉ္စာယတနဘုံ၏ ပဋိသန္ဓေစိတ်မည်၏။ ဘဝင်စိတ်မည်၏။ စုတိစိတ်မည်၏။

၂။ ဝိညာဏဉ္စာယတနဝိပါက် ဝိတ်သည် ဝိညာဏဉ္စာ ယတနဘုံ၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၊ စုတိစိတ် မည်၏။

၃။ အာကိဉ္စညာယတန ဝိပါက်စိတ်သည် အာကိဉ္စညာ ယတနဘုံ၏ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ် မည်၏။

၄။ နေဝသညာနာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေစိတ်မည်၏၊ ဘဝင်စိတ်မည်၏၊ စုတိစိတ်မည်၏။

## အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

အာကာသာနဉ္စာယတနဘုံ၌ မဟာကပ်နှစ်သောင်းအသက်ရှည်ပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ မဟာကပ်လေးသောင်း အသက်ရှည်ပါသည်။

အာကိဉ္စညာ ယတနဘုံ၌ မဟာကပ် ခြောက်သောင်း အသက်ရှည်ပါသည်၊

နေဝသညာ နာသညာယနဘုံ၌ မဟာကပ် ရှစ်သောင်းလေးထောင် အသက်ရှည်ပါသည်။

## တစ်ဘဝ၌တူမြဲတရား ၃ ပါး

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် ဤတရားသုံးပါးတို့သည် သတ္တဝါတို့၏ ဘဝတစ်ခု၌ တူကြ၍ ထိုသုံးပါးတို့၏ အာရုံလည်းတူကြပါသည်။

---

## အာယုကပ်စသည်ရေတွက်ပုံ

## ကပ် ၄ ပျိုး

အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်။

## အာယုကပ်

ထိုထိုသတ္တဝါတို့၏ ရာထောင်စသော အသက်တမ်းအပိုင်းအခြားသည် အာယုကပ်မည်၏။

## အန္တရကပ်

ဆယ်နှစ်တမ်းမှ အသင်္ချေယျ၊ အသင်္ချေယျမှ ဆယ်နှစ်တမ်း တိုးမှုဆုတ်မှု တစ်စုံသည် **အန္တရကပ်**မည်၏။

## အသင်္ချေယျကပ်

အန္တရကပ် ၆၄ ကပ်သည် အသင်္ချေယျကပ် တစ်ကပ် မည်၏။

## မဟာကပ်

အသင်္ချေယျကပ် လေးကပ်သည် မဟာကပ် တစ်ကပ်မည်၏၊

## အသင်္ချေယျကပ် ၄ ကပ်ယူပုံ

၁။ သံဝဋ္ဋကပ်၊ ကမ္ဘာကြီးပျက်စီးနေဆဲအချိန်။

၂။ သံဝဋ္ဋဋ္ဌာယီကပ်၊ ကမ္ဘာပျက်ကြီးအတိုင်း တည်နေချိန်။

၃။ ဝိဝဋ္ဋကပ်၊ ကမ္ဘာသစ် ပြန်၍ တည်ဆောက် နေဆဲအချိန်။

၄။ ဝိဝဋ္ဋဋ္ဌာယီကပ်၊ ကမ္ဘာသစ် တည်ဆောက် ပြီး၍ သတ္တဝါများ ရှိနေချိန်။

## ကမ္ဘာကြီးပျက်စီးပုံ

သတ္တသတ္တဂ္ဂိနာဝါရာ၊ အဋ္ဌမေအဋ္ဌမေဒကာ။

စတုသဋ္ဌိယဒါပုဏ္ဏာ၊ ဧကောဝါယုဝရောသိယာ။

သတ္တ သတ္တဝါရာ ခုနစ်ကြိမ်၊ ခုနစ်ကြိမ်တိုင်တိုင်၊ အဂ္ဂိနာ မီးကြောင့် ဝိနဿတိ ပျက်စီး၏။ အဋ္ဌမေအဋ္ဌမေ ရှစ်ကြိမ်

မြောက် ရှစ်ကြိမ်မြောက်၌၊ ဒကာရေကြောင့်၊ ဝိနသတိ ပျက်စီး၏။ ယဒါ အကြင်အခါ၌၊ စတုသဋ္ဌိ ခြောက်ဆယ့်လေး ကြိမ်သည်၊ ပုဏ္ဏာပြည့်၏၊ တဒါထိုအခါ၌၊ ဧကော တကြိမ်သော ဝါယုဝရော သေဖျက်သော အကြိမ်သည် သိယာ ဖြစ်၏။

မီး ၇-ကြိမ်၊ ရေ ၁-ကြိမ်၊ မီး ၇-ကြိမ်၊ ရေတစ်ကြိမ် စသည်ဖြင့် ကမ္ဘာကြီးပျက်စီးလာရာ ၆၄-ကြိမ်မြောက်တွင် လေကြောင့် ပျက်စီးရပါသည်။

မီးကြောင့် ကာမ ၁၁-ဘုံ၊ ပထမဈာန် ၃-ဘုံပျက်စီး ပါသည်။

ရေကြောင့် ကာမ ၁၁-ဘုံ၊ ပထမဈာန် ၃-ဘုံ၊ ဒုတိယ ဈာန်၃-ဘုံ ပျက်စီးပါသည်။

လေကြောင့် ကာမ ၁၁-ဘုံ၊ ပထမဈာန် ၃-ဘုံ၊ ဒုတိယ ဈာန် ၃-ဘုံ၊ တတိယဈာန် ၃-ဘုံ ပျက်စီးပါသည်။

## ကမ္မစတုက္က

## ကိစ္စနှင့်စပ်၍ ကံ ၄-မျိုး

၁။ ဇနကကံ အကျိုးဝိပါက်ကို ဖြစ်စေတတ်သောကံ။

၂။ ဥပတ္ထမ္ဘကကံ ထောက်ပံ့ကူညီတတ်သောကံ။

၃။ ဥပပီဠကကံ ကပ်၍ နှိပ်စက်တတ်သောကံ။

၄။ ဥပဃာတကကံ ကပ်၍သတ်ဖြတ်တတ်သောကံ။

### အကျိုးပေးလှည့် အစဉ်အားဖြင့်ကံ ၄-မျိုး

၁။ ဂရုကံ ကြီးလေးသောကံ။
၂။ အာသန္နကံ စုတေနီးခါ ဖြစ်ပေါ်လာသောကံ။
၃။ အာစိဏ္ဏကံ အမြဲမပြတ်လေ့ကျင့်အပ်သောကံ။
၄။ ကဋတ္တာကံ ပြုကာမတ္တာဖြစ်သောကံ။

### အကျိုးပေးရာ ကာလနှင့်စပ်၍ ကံ ၄-မျိုး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံမျက်မှောက်ဘဝ၌ အကျိုးပေးသောကံ။
၂။ ဥပပဇ္ဇဝေဒနီယကံ ဒုတိယဘဝ၌ အကျိုးပေးသောကံ။
၃။ အပရာပရိယဝေဒနီယကံ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ အကျိုးပေးသောကံ။
၄။ အဟောသိကံ အကျိုးမပေးသောကံ။

### အကျိုးပေးရာဋ္ဌာန်နှင့် စပ်၍ ကံ ၄-မျိုး

၁။ အကုသိုလ်ကံ အကုသိုလ်စေတနာ ၁၂-ပါး
၂။ ကာမာဝစရကုသိုလ်ကံ ကာမာဝစရကုသိုလ်စေတနာ ၈-ပါး
၃။ ရူပါဝစရကုသိုလ်ကံ ရူပါဝစရကုသိုလ်စေတနာ ၅-ပါး
၄။ အရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်စေတနာ ၄-ပါး

## ကာမကုသိုလ်ကံ၊ အကုသိုလ်ကံ ၂၀

### အကုသိုလ်ကံ ၃ မျိုး

၁။ ကာယကံ ကိုယ်ဖြင့်ပြုလုပ်သောကံ

၂။ ဝစီကံ နှုတ်ဖြင့်ပြောဆိုသောကံ

၃။ မနောကံ စိတ်ဖြင့်ကြံစည်သောကံ

---

### ဒုစရိုက် ၁၀ ပါး

### ကာယကံ ၃ ပါး

၁။ ပါဏာတိပါတ သူ့အသက်သတ်မှု

၂။ အဒိန္နာဒါန သူ့ဥစ္စာကိုခိုးယူမှု

၃။ ကာမေသုမိစ္ဆာစာရ သူတပါးသားမယား လွန်ကျူးမှု၊

### ဝစီကံ ၄ ပါး

၁။ မုသာဝါဒ မုသားပြောဆိုမှု

၂။ ပိသုဏာဝါစာ ချောပစ်ကုန်းတိုက်ပြောဆိုမှု

၃။ ဖရုသဝါစာ ကြမ်းတန်းသောစကားကိုပြောဆိုမှု

၄။ သမ္ဖပ္ပလာပ ပိန်ဖြင်းသောစကားကိုပြောဆိုမှု

**မနောကံ ၃ ပါး**

၁။ အဘိဇ္ဈာ — သူတပါးစည်းစိမ်ကို မတရားယူလိုမှု
၂။ ဗျာပါဒ — သူတပါးပျက်စီးစေရန် ကြံစည်မှု
၃။ မိစ္ဆာဒိဋ္ဌိ — အယူမှားမှု

(အမှာ) ဒုစရိုက် ၁၀ ပါးကို အကုသလကမ္မပထတရား ၁၀ ပါးဟုလည်း ခေါ်ပါသည်။

**ဒေါသကြောင့်ဖြစ်သော ဒုစရိုက် ၃ ပါး**

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ

**လောဘကြောင့်ဖြစ်သော ဒုစရိုက် ၃ ပါး**

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ

**လောဘ၊ ဒေါသနှစ်ပါးကြောင့်ဖြစ်သော ဒုစရိုက် ၄ ပါး**

အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ

ဤဒုစရိုက် ၁၀ ပါးကို အကုသိုလ်စိတ် ၁၂ ပါး အကြောင်းခံပါသည်။

---

**ကာမာဝစရ ကုသိုလ်ကံ ၃ မျိုး**

ကာယကံ၊ ဝစီကံ၊ မနောကံ

**သုစရိုက် ၁၀ ပါး**

**ကာယကံ ၃ ပါး**

ပါဏာတိပါတဝိရတီ၊ အဒိန္နာဒါနဝိရတီ၊ ကာမေသုမိစ္ဆာစာရဝိရတီ၊

## ဝိဂတ ၄ ပါး

မုဒိတာဝိပ္ပယုတ္တဝိရတိ၊ ပိသုဏာဝါစာဝိရတိ၊ ဖရုသဝါစာဝိရတိ၊ သမ္ဖပ္ပလာပဝိရတိ။

## မနောကံ ၃ ပါး

အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ။

## ပုညကြိယဝတ္ထု ၁၀ ပါး

| | | |
|---|---|---|
| ၁။ | ဒါန | အလှူပေးမှု |
| ၂။ | သီလ | သီလဆောက်တည်မှု |
| ၃။ | ဘာဝနာ | သမထဝိပဿနာပွားများမှု |
| ၄။ | အပစာယန | အရိုအသေပြုမှု |
| ၅။ | ဝေယျာဝစ္စ | ကုသိုလ်ရေး၌ကူညီမှု |
| ၆။ | ပတ္တိဒါန | အမျှဝေမှု |
| ၇။ | ပတ္တာနုမောဒန | သာဓုအနုမောဒနာပြုမှု |
| ၈။ | ဓမ္မဿဝန | တရားနာမှု |
| ၉။ | ဓမ္မဒေသနာ | တရားဟောမှု |
| ၁၀။ | ဒိဋ္ဌိဇုကမ္မ | အယူမှန်မှု |

## ဒါန၊ သီလ၊ ဘာဝနာ၌ သွင်းယူပုံ

## ဒါနတွင် ၃ ပါး

ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန

## သီလတွင် ၃ ပါး

သီလ၊ အာဇီဝဋ္ဌမက၊ ဝေယျာဝစ္စ

## ဘာဝနာတွင် ၄ ပါး

ဘာဝနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ

(အမှာ) သုစရိုက် ၁၀ ပါး ကို ကုသလကမ္မပထ တရား ၁၀ ပါးဟုလည်း ခေါ်၏။ ဤသုစရိုက်၁၀ပါး၊ ပုညကြိယဝတ္ထု ၁၀ပါးတည်းဟူသော ကံကို ကာမာဝစရ ကုသိုလ် ၈ ပါး အကြောင်းခံပါသည်။

## ရူပါဝစရကုသိုလ်ကံ

ရူပါဝစရ ကုသိုလ်ကံသည် မနောကံတစ်မျိုးသာ ဖြစ်၍ ဘာဝနာဖြင့်ပြီး၏၊ အပ္ပနာသို့ရောက်၏၊ ဈာန်အင်္ဂါအားဖြင့် ၅ ပါးပြား၏။

## အရူပါဝစရကုသိုလ်ကံ

အရူပါဝစရကုသိုလ်ကံသည် မနောကံမည်၏၊ ဘာဝနာဖြင့် ပြီး၏၊ အပ္ပနာသို့ ရောက်၏၊ အာရုံအားဖြင့် ၄ ပါး ပြား၏။

## ကာမကံ၏ အကျိုးပေးရာဘုံ
## အကုသိုလ်ကံ

ဥဒ္ဒစ္စ ကြဉ်သော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ် လေးဘုံ၌ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ပဋိသန္ဓေကိုဖြစ်စေပါသည်။

အကုသိုလ်က ၁၂-ပါးလုံးသည် ပဝတ္တိအခါ ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံတို့၌ အကုသလ ဝိပါက် ၇-ပါးကို ဖြစ်စေပါသည်။

**ကာမာဝစရကုသိုလ်ကံ**

ကာမာဝစရ ကုသိုလ်ကံ ၈-ပါးသည် ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ၈-ပါးတည်းဟူသော ပဋိသန္ဓေကို ဖြစ်စေပါသည်။

ပဝတ္တိအခါ ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ၈ပါး။

ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံတို့၌ အဟိတ် ကုသလဝိပါက် ၈ ပါးအားဖြင့် ၁၆ ပါးသောအကျိုးကို ဖြစ်စေပါသည်။

**ကာမာဝစရ ကုသိုလ်ကံ ၈ ပါးတွင်**

တိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ ၂ ပါး၊ (သောမနဿ သမ္ပယုတ် အ၊သ)သည်

**သမာန ဝါဒအရ**

ပဋိသန္ဓေအခါတိဟိတ်ပဋိသန္ဓေ ၄ ပါးကိုဖြစ်စေ၍ ပဝတ္တိအခါ ၁၆ ပါးသော အကျိုးဝိပါက်ကို ဖြစ်စေပါသည်။

**ကေစိဝါဒအရ**

ပဋိသန္ဓေအခါ အကျိုး ၂ ပါးကို ဖြစ်စေ၍ ပဝတ္တိအခါ ၁၂ ပါးသော အကျိုးဝိပါက်ကို ဖြစ်စေပါသည်။

တိဟိတ် ဩမက ကုသိုလ်ကံ ၂-ပါး (သောမနဿ ဝိပ္ပယုတ် အ၊သ)နှင့်

ဒွိဟိတ် ဉက္ကဋ္ဌကုသိုလ်ကံ ၂-ပါး (ဉပေက္ခာ သမ္ပယုတ် အ၊သ)တို့သည်

## သမာန ၀ါဒအရ

ပဋိသန္ဓေအခါ ဒွိဟိတ် ပဋိသန္ဓေ ၄-ပါးကို ဖြစ်စေ၍ ပဝတ္တိအခါ ဒွိဟိတ်ဝိပါက်နှစ်ပါး ၁၂-ပါးသော အကျိုးကို ဖြစ်စေပါသည်။

## ကေစိဝါဒအရ

ပဋိသန္ဓေအခါ ၂-ပါးသော အကျိုးဝိပါက်ကို ဖြစ်စေ၍ ပဝတ္တိအခါ ၁၀-ပါးသောအကျိုး ဝိပါက်ကို ဖြစ်စေပါသည်။

ဒွိဟိတ်ဩမက ကုသိုလ်ကံ ၂-ပါး (ဉပေက္ခာ ဝိပ္ပယုတ် အ၊သ)သည် ပဋိသန္ဓေအခါ အဟိတ်ကုသလ ဝိပါက်ဉပေက္ခာ သန္တီရဏ ၁-ပါးကို ဖြစ်စေ၍ ပဝတ္တိအခါ အဟိတ်ကုသလ ဝိပါက် ၈-ပါးကိုဖြစ်စေပါသည်။

(အမှာ) ကေစိ ဝါဒ အရကံ အသင်္ခါရိက သည် အကျိုး သသင်္ခါရိကကို မဖြစ်စေမူ၍ ကံသသင်္ခါရိက သည် အကျိုးအသင်္ခါရိကကိုမဖြစ်စေပါ

| ကံ | ပဋိသန္ဓေအကျိုး သမာန် | ကေစိ | ဘုံ | ပဝတ္တိအကျိုး သမာန် | ကေစိ | ဘုံ |
|---|---|---|---|---|---|---|
| ၁၁ အရူကုသိုလ်ကံ ၁၂ | ၁ | ၁ | ၄ | ၃ | ၃ | ၂၆ |

ကာမာဝစရကုသိုလ်ကံ

| | | | | | | |
|---|---|---|---|---|---|---|
| တိဥက္ကဋ္ဌ ၂ အ သ | ၄ | ၂ | ၃ | ၁၆ | ၁၂ | ၂၆ |
| တိဩ ၂ အ သ / ဒွိဥက္ကဋ္ဌ ၂ အ သ | ၄ | ၂ | ၃ | ၁၂ | ၁၀ | ၂၆ |
| ဒွိဩ ၂ အ သ | ၁ | ၁ | ၂ | ၈ | ၈ | ၂၆ |

## ရူပါဝစရ ကုသိုလ်ကံ၏ အကျိုးပေးရာဘုံ
## ရူပါဝစရကုသိုလ် ပထမဈာန်ကို

ပရိတ္တ (အညံ့စား) ဈာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပါရိသဇ္ဇဗြဟ္မာတို့၌ဖြစ်၏။

မဇ္ဈိမ (အလတ်စား) ဈာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပုရောဟိတ ဗြဟ္မာတို့၌ဖြစ်၏။

ပဏီတ (အမြတ်စား) ဈာန်ဖြစ်အောင်ပွားများလျှင် မဟာဗြဟ္မာတို့၌ဖြစ်၏။

## ဒုတိယဈာန်နှင့်တတိယဈာန်ကို

ပရိတ္တဈာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တာဘာ ဗြဟ္မာတို့၌ဖြစ်၏။

မဇ္ဈိမဈာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏာဘာ ဗြဟ္မာတို့၌ဖြစ်၏။

ပဏီတဈာန်ဖြစ်အောင် ပွားများလျှင် အာဘဿရဗြဟ္မာတို့၌ဖြစ်၏။

## စတုတ္ထဈာန်ကို

ပရိတ္တဈာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တသုဘာ ဗြဟ္မာတို့၌ဖြစ်၏။

မဇ္ဈိမဈာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏသုဘာဗြဟ္မာတို့၌ဖြစ်၏။

ပဏီတဈာန် ဖြစ်အောင် ပွားများလျှင် သုဘကိဏှဗြဟ္မာတို့၌ဖြစ်၏။

## ပဋ္ဌမဈျာန်ကို

ပဋ္ဌမဈျာန်ကို ပွါးများလျှင် ဝေတပ္ပ ိုလ်ဘုံ၌ ဖြစ်၏။
ပဋ္ဌမဈျာန်ကို သညာ၌ စက်ဆုပ်အောင် ပွားများလျှင်
အသညသတ်ဘုံ၌ဖြစ်၏။
ပဋ္ဌမဈျာန်ကို ရပြီးသော အနာဂါမ် ပုဂ္ဂိုလ်တို့သည်
သုဒ္ဓါဝါသဘုံ၌ဖြစ်၏။

## အရူပါဝစရကံ၏ အကျိုးပေးရာဘုံ

အာကာသာနဉ္စာယတန ကုသိုလ်ကံသည် အာကာသာ
နဉ္စာယတနဘုံ၌ ဖြစ်စေ၏။
ဝိညာဏဉ္စာယတနကုသိုလ်ကံသည်ဝိညာဏဉ္စာယတနဘုံ၌
ဖြစ်စေ၏။
အာကိဉ္စညာယတန ကုသိုလ်ကံသည် အာကိဉ္စညာယတန
ဘုံ၌ ဖြစ်စေ၏။
နေဝသညာနာသညာယတန ကုသိုလ်ကံသည် နေဝသညာ
နာသညာယတနဘုံ၌ ဖြစ်စေ၏။

## မရဏုပ္ပတ္တိ စတုက္က

## စုတိ ပဋိသန္ဓိကမ

## သေခြင်း ၄-မျိုး

၁။ အာယုက္ခယ မရဏ အသက်တမ်းကုန်၍သေခြင်း။
၂။ ကမ္မက္ခယ မရဏ ကံစွမ်းကုန်၍သေခြင်း။

၃။ ဥဘယက္ခယ မရဏ — အသက်တမ်းက စွမ်းနှစ်ပါး စုံကုန်၍သေခြင်း။

၄။ ဥပစ္ဆေဒက မရဏ — ကပ်၍ဖြတ်တတ်သော ကံကြောင့် သေခြင်း။

## စုတေခါနီးကာလ ထင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ်

### ကံ

ကံဆိုသည်မှာ ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်စေတနာနှင့် အကုသိုလ် စေတနာကို ခေါ်ပါသည်၊

### ကမ္မနိမိတ်

၁။ ဥပလဒ္ဓ ပုဗ္ဗကမ္မနိမိတ် — ပဓာနအာရုံ။

၂။ ဥပကရဏဘူတ ကမ္မနိမိတ် — အပဓာနအာရုံ

### ဂတိ နိမိတ်

၁။ ဥပလဘိတဗ္ဗ ဂတိနိမိတ် — တိုက်ရိုက်ရောက်မည့် နေရာအရပ်။

၂။ ဥပဘောဂဘူတ ဂတိနိမိတ် — အသုံးအဆောင် အခြွေအရံ။

### ကာမပဋိသန္ဓေစိတ်၏အာရုံ

ကာမပဋိသန္ဓေသည် ပစ္စုပ္ပန်ကာလ၊ အတိတ် ကာလ၌ ဖြစ်သော အာရုံ ၆ ပါးကို အာရုံပြု၏။ ဒွါရ ၆ ပါး၌ ဖြစ်၏။

## ရူပပဋိသန္ဓေစိတ်၏ အာရုံ

ရူပါဝစရ ပဋိသန္ဓေသည် ပညတ်ကမ္မနိမိတ်ကို အာရုံပြု၏။ မနောဒွါရိက်ဖြစ်၏။

## အရူပပဋိသန္ဓေစိတ်၏အာရုံ

အရူပါဝစရ ပဋိသန္ဓေစိတ်သည် မဟဂ္ဂုတ် ကမ္မနိမိတ်နှင့် ပညတ်ကမ္မနိမိတ် အာရုံကို အာရုံပြု၏၊ မနောဒွါရိက်ဖြစ်၏၊

## ယထာရဟအာရုံပြုပုံ

အာကာသာနဉ္စာယတနနှင့် အာကိဉ္စညာယတန ပဋိသန္ဓေ ၂ ပါးသည် ပညတ် ကမ္မနိမိတ် အာရုံကို အာရုံပြုပါ သည်။

ဝိညာဏဉ္စာယတနနှင့် နေဝသညာ နာသညာယတန ပဋိသန္ဓေ ၂ ပါးသည် မဟဂ္ဂုတ်ကမ္မနိမိတ် အာရုံကို အာရုံ ပြုပါသည်။

## အသညသတ် ပဋိသန္ဓေ၏အာရုံ

အသညသတ်ပဋိသန္ဓေသည် ဇီဝိတနဝက ကလာပ်ရုပ်သာ ဖြစ်သောကြောင့် မည်သည့်အာရုံကိုမျှ အာရုံမပြုနိုင်ပါ။

## ရုပ်ပဋိသန္ဓေ၊ နာမ်ပဋိသန္ဓေအခွဲ

ရုပ်သာပဋိသန္ဓေ ရှိသောဘုံ၊ အသညသတ်ဘုံ ၁ ဘုံဖြစ် ပါသည်။

နာမ်သာ ပဋိသန္ဓေရှိသောဘုံ အရူပ ၄-ဘုံဖြစ်ပါသည်။

ရုပ်နာမ်နှစ်ပါး ပဋိသန္ဓေရှိသောဘုံ ကြွင်းသော ၂၆-ဘုံ ဖြစ်ပါသည်။

## ဝေါကာရအခွဲ

| | |
|---|---|
| ဧကဝေါကာရဘုံ | အသညသတ်ဘုံဖြစ်ပါသည်။ |
| စတုဝေါကာရဘုံ | အရူပ ၄-ဘုံဖြစ်ပါသည်။ |
| ပဉ္စဝေါကာရဘုံ | ကြွင်းသော ၂၆-ဘုံဖြစ်ပါသည်။ |

## စုတိနှောင်နှောင်းသောပဋိသန္ဓေနှင့် ရောက်နိုင်သောဘုံ

| စုတိ | | ပဋိသန္ဓေ | | | | | |
|---|---|---|---|---|---|---|---|
| | | ကာမ ပဋိ | ရူပ ပဋိ | အသည ပဋိ | အရူပ ပဋိ | ပေါင်း | ဘုံ |
| ဒွိဟိတ် အဟိတ် စုတိ | ၆ | ၁၁ | | | | ၁၀ | ၁၁ |
| ကာမတိဟိတ် စုတိ | ၄ | ၁၀ | ၅ | ၁ | ၄ | ၂၀ | ၃၁ |
| ရူပါဝစရ စုတိ | ၅ | ၈ | ၅ | | ၄ | ၁၇ | ၂၆ |
| အသညသတ် စုတိ | ၁ | ၈ | | | | ၈ | ၇ |
| အာကာသာ စုတိ | ၁ | ၄ | | | ၄ | ၈ | ၁၁ |
| ဝိညာဏာ စုတိ | ၁ | ၄ | | | ၃ | ၇ | ၁၀ |
| အာကိဉ္စညာ စုတိ | ၁ | ၄ | | | ၂ | ၆ | ၉ |
| နေဝသညာ စုတိ | ၁ | ၄ | | | ၁ | ၅ | ၈ |

**အောက်ပါဘုံတို့မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စုတိနောင်နှောင်းနိုင်သောပဋိသန္ဓေ၊ ရောက်နိုင်သော ဘုံ၊ ဖြစ်နိုင်သောပုဂ္ဂိုလ်အမျိုးအစား**

| စုတိ | | ပဋိသန္ဓေ | | ဘုံ | | ပုဂ္ဂိုလ် |
|---|---|---|---|---|---|---|
| ဝေဟပ္ဖိုလ်စုတိ | ၁ | ပဥ္စမစျာန်ပဋိ | ၁ | ဝေဟပ္ဖိုလ် | ၁ | ၁ |
| အဝိဟာစုတိ | ၁ | ပဥ္စမစျာန်ပဋိ | ၁ | အတပ္ပါ | ၁ | ၁ |
| အတပ္ပါစုတိ | ၁ | ပဥ္စမစျာန်ပဋိ | ၁ | သုဒဿာ | ၁ | ၁ |
| သုဒဿာစုတိ | ၁ | ပဥ္စမစျာန်ပဋိ | ၁ | သုဒဿီ | ၁ | ၁ |
| သုဒဿီစုတိ | ၁ | ပဥ္စမစျာန်ပဋိ | ၁ | အကနိဋ္ဌ | ၁ | ၁ |
| အကနိဋ္ဌစုတိ | ၁ | | မ | | မ | မ |
| နေဝသညာစုတိ | ၁ | နေဝသညာပဋိ | ၁ | နေဝသညာ | ၁ | ၁ |

(အမှာ) သောတာပန် စုတိနောင် သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ် စုတိနောင် သကဒါဂါမ် ပုဂ္ဂိုလ်၊ အနာဂါမ်စုတိနောင် အနာဂါမ် ပုဂ္ဂိုလ်များသာ ဖြစ်နိုင်ပါသည်။

# ရုပ်ပိုင်း

## ရုပ်ပိုင်း၌ အခန်း

### ၅ ခန်း

| | | |
|---|---|---|
| ၁။ | ရူပသမုဒ္ဒေသ | ရုပ်ကိုအကျဉ်းချုပ်ပြခြင်း၊ |
| ၂။ | ရူပဝိဘာဂ | ရုပ်တို့ကိုအကျယ်ဝေဖန်ခြင်း၊ |
| ၃။ | ရူပသမုဋ္ဌာန | ရုပ်တို့၏ ဖြစ်ကြောင်းကို ပြခြင်း၊ |
| ၄။ | ရူပကလာပ | ရုပ်တို့ကိုကလာပ်ဖွဲ့ပြခြင်း၊ |
| ၅၊ | ရူပပဝတ္တိက္ကမ | ရုပ်တို့၏ဖြစ်စဉ်ကိုပြခြင်း၊ |

---

### ရူပသမုဒ္ဒေသ

### ရုပ် ၂၈ ပါး

၁။ မဟာဘုတ် ၄ ပါး၊

၂။ ဥပါဒါရုပ် ၂၄ ပါး၊

### နိပ္ဖန္နရုပ် ၁၈ ပါး

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄ ပါး၊ |
| ၂။ | ပသာဒရုပ် | ၅ ပါး၊ |
| ၃။ | ဂေါစရရုပ် | ၇ ပါး၊ |

၄။ ဘာဝရုပ် ၂ ပါး၊
၅။ ဟဒယရုပ် ၁ ပါး၊
၆။ ဇီဝိတရုပ် ၁ ပါး၊
၇။ အာဟာရရုပ် ၁ ပါး၊

(အမှာ) ဤရုပ် ၁၈ ပါးကို သဘာဝရုပ်၊ သလက္ခဏာရုပ်၊ ရူပရုပ်၊ သမ္မသနရုပ် ဟူ၍သည်း ခေါ်ပါသည်။

**အနိပ္ဖန္နရုပ် ၁၀ ပါး**

၈။ ပရိစ္ဆေဒရုပ် ၁ ပါး၊
၉။ ဝိညတ်ရုပ် ၂ ပါး၊
၁၀။ ဝိကာရရုပ် ၅ ပါး၊
၁၁။ လက္ခဏာရုပ် ၄ ပါး၊

(အမှာ) ဤရုပ် ၁၀ ပါးကို အသဘာဝရုပ်၊ အလက္ခဏာရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် ဟူ၍လည်း ခေါ်ပါသည်။

**ဤရုပသမုဒ္ဒေသ၌**

၁။ ရုပ် ၂၈ ပါး၊
၂။ မဟာဘုတ်၊ ဥပါဒါရုပ်၊
၃။ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်၊
၄။ အမည် ၁၁ မျိုး၊
အဆက်ပါ ၄ ချက်ကို နားလည်ရမည်၊

## ရူပဝိဘာဂ

## ဤ ရုပ်မှန်သမျှတို့သည်

၁။ အဟေတုက ဟိတ်မရှိ၊

၂။ သပ္ပစ္စယ အကြောင်းရှိသည်၊

၃။ သာသဝ အာသဝတို့၏ အာရုံဖြစ်သည်၊

၄။ သင်္ခတ အကြောင်း ၄ ပါးတို့ပြုပြင်အပ်သည်၊

၅။ လောကိယ ဥပါဒါနက္ခန္ဓာဟူသော လောကၥ၌ ယှဉ်သည်၊

၆။ ကာမာဝစရ ကာမတဏှာ၏ ကျက်စားရာဖြစ်သည်၊

၇။ အနာရမ္မဏ အာရုံကိုမယူတတ်

၈။ အပ္ပဟာတဗ္ဗ တဒင်္ဂပဟာန်စသည်ဖြင့် မပယ်အပ်၊

ဟူသော အမည်များ ရှိကြပါသည်၊

### အဇ္ဈတ္တိကရုပ် စသည်ကို ပြခြင်း

| | | |
|---|---|---|
| ၁။ (က) | အဇ္ဈတ္တိကရုပ် | ၅ ပါး |
| (ခ) | ဗာဟိရရုပ် | ၂၃ ပါး |
| ၂။ (က) | ဝတ္ထုရုပ် | ၆ ပါး |
| (ခ) | အဝတ္ထုရုပ် | ၂၂ ပါး |

| | | | |
|---|---|---|---|
| ၃။ | (က) | ဒွါရရုပ် | ၇ ပါး |
| | (ခ) | အဒွါရရုပ် | ၂၁ ပါး |
| ၄။ | (က) | ဣန္ဒြိယရုပ် | ၈ ပါး |
| | (ခ) | အနိန္ဒြိယရုပ် | ၂၀ ပါး |
| ၅။ | (က) | ဩဠာရိကရုပ်<br>သန္တိကေရုပ်<br>သပ္ပဋိဃရုပ် | ၁၂ ပါး |
| | (ခ) | သုခုမရုပ်<br>ဒူရေရုပ်<br>အပ္ပဋိဃရုပ် | ၁၆ ပါး |
| ၆။ | (က) | ဥပါဒိန္နရုပ် | ၁၈ ပါး |
| | (ခ) | အနုပါဒိန္နရုပ် | ၁၀ ပါး |
| ၇။ | (က) | သနိဒဿနရုပ် | ၁ ပါး |
| | (ခ) | အနိဒဿနရုပ် | ၂၇ ပါး |
| ၈။ | (က) | ဂေါစရဂ္ဂါဟိကရုပ် | ၅ ပါး၊ |
| | (ခ) | အဂေါစရဂ္ဂါဟိကရုပ် | ၂၃ ပါး၊ |
| ၉။ | (က) | အဝိနိဗ္ဘောဂရုပ် | ၈ ပါး |
| | (ခ) | ဝိနိဗ္ဘောဂရုပ် | ၂၀ ပါး၊ |

(အမှာ)ဂေါစရဂ္ဂါဟိကရုပ် ၅ ပါးတွင်

အသမ္ပတ္တဂေါစ ရဂ္ဂါဟိကရုပ် ၂ ပါး၊

သမ္ပတ္တဂေါစရဂ္ဂါဟိကရုပ် ၃ ပါး၊

## ၃။ ရူပသမုဋ္ဌာန်

## ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား ၄ ပါး

ကံ၊ စိတ်၊ ဥတု၊ အာဟာရ

### ကံ ၂၅ ပါး

အကုသိုလ်စေတနာ ၁၂ ပါး၊ ကာမာဝစရကုသိုလ်စေတနာ ၈ ပါး၊ ရူပါဝစရ ကုသိုလ်စေတနာ ၅ ပါး ဤ ၂၅ပါးသော ကံသည် ကံကြောင့် ဖြစ်သောရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ် ခဏမှစ၍ ခဏတိုင်း ခဏတိုင်းဖြစ်စေပါသည်၊

### စိတ် ၇၅ ပါး

အရူပဝိပါက် ၄ ခု၊ ဒွေးပဉ္စဝိညာဉ် ၁၀ ကြဉ်သော ၇၅ ပါးသောစိတ်သည် စိတ်ကြောင့်ဖြစ်သောရုပ်ကို ပဌမဘဝင်စိတ်၏ ဥပါဒ် ခဏမှစ၍ ဥပါဒ်တိုင်း၊ ဥပါဒ်တိုင်း၊ ဖြစ်စေပါသည်၊

### ထို ၇၅ ပါးတွင်

(က) မနောဓာတ် ၃ ပါး၊ တဒါရုံ ၁၁ ပါး၊ ရူပဝိပါက် ၅ ပါး၊ဤ ၁၉ ပါးသော တရားတို့သည် ရုပ်သာမညကိုသာ ဖြစ်စေပါသည်၊

(ခ) အပ္ပနာဇော ၂၆ ပါးသည် ရုပ်သာမညနှင့် ဣရိယာပုတ်ကို ဖြစ်စေပါသည်၊

(ဂ) ဝုဋ္ဌော ၁ ပါး၊ ကာမဇော ၂၉ ပါး၊ အဘိညာဉ် ၂ ပါး၊ ဤ ၃၂ ပါးသော တရားတို့သည် ရုပ်သာမည၊ ဣရိယာပုတ်နှင့် ဝိညတ်ကိုလည်း ဖြစ်စေပါသည်၊

(ဃ) သောမနဿသဟဂုတ်ဇော ၁၃ ပါးတို့သည် ရုပ်သာမည၊ ဣရိယာပုတ်၊ ဝိညတ်နှင့် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေပါသည်၊

(င) အရူပဝိပါက် ၄ ခု၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ ဤ ၁၄ ပါးသောတရားတို့သည် မည်သည့်ရုပ်ကိုမျှ မဖြစ်စေပါ၊

(အမှာ)ပုထုဇဉ်တို့သည် လောဘမူ သောမနဿ ၄ ပါး၊ မဟာကုသိုလ် သောမနဿ ၄ ပါး၊ ဤ ၈ ပါး တစ်ပါးပါးဖြင့် ပြုံးရယ်ကြပါသည်၊

သေက္ခ (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်) ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သောမနဿ ၂ ပါး၊ မဟာကုသိုလ် သောမနဿ ၄ ပါး၊ ဤ ၆ ပါး တစ်ပါးပါးဖြင့် ပြုံးရယ်ကြပါသည်၊

ဘုရား ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်ဇော ၁ ပါး၊ မဟာကြိယာ သောမနဿဇော ၄ ပါး၊ ဤ ၅ပါးတွင် တစ်ပါးပါ ဖြင့် ပြုံးတော်မူကုန်၏၊

## ဥတု ၂ ပါး

သီတဥတု အအေးဓာတ်၊ ဥဏှဥတု အပူဓာတ်၊ ဤ တေဇောဓာတ် ၂ ပါးဘည်းဟူသော ဥတုသည်ဥတုကြောင့် ဖြစ်သောရုပ်အပေါင်းကို ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ဖြစ်စေ ပါသည်၊

## အာဟာရ ၁ ပါး

အစားအစာတို့တွင် ပါဝင်သော ရုပ်ကိုဖြစ်စေတတ် သောအဆီအစေး ဩဇာဓာတ် ဟုဆိုအပ်သောအာဟာရသည် စားမျိုရာ၌ ဌီခဏမှစ၍ (ဩဇာပြန့်နှံ့ရာအခါမှစ၍) အာဟာ ရကြောင့် ဖြစ်သောရုပ်ကို ခဏတိုင်း ခဏဘိုင်း ဖြစ်စေ ပါသည်၊

## ကမ္မဇရုပ် စသည်ကိုပြခြင်း

၁။ ကံကြောင့်သာ ဖြစ်သောရုပ် ၉ပါး
ဟဒယရုပ် ၁ ပါး၊ ဣန္ဒြိယရုပ် ၈ ပါး၊

၂။ စိတ်ကြောင့်သာ ဖြစ်သောရုပ် ၂ပါး
ဝိညတ်ရုပ် ၂ ပါး၊

၃။ စိတ်၊ဥတု နှစ်ပါးကြောင့် ဖြစ်သောရုပ် ၁ပါး
သဒ္ဒရုပ် ၁ ပါး၊

၄။ ဥတု၊စိတ်၊အာဟာရသုံးပါးကြောင့် ဖြစ်သောရုပ် ၃ပါး
လဟုတာ၊ မုဒုတာ၊ ကမ္မညတာ

၅။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးကြောင့်ဖြစ်သောရုပ် ၉ ပါး
အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် ၁ ပါး၊
၆။ အကြောင်းတရား တစ်ပါးကြောင့်မျှ မဖြစ်သောရုပ် ၄ ပါး
လက္ခဏာရုပ် ၄ ပါး၊

**ကေန်၊ အနေကန်အခွဲ**

| | |
|---|---|
| ကမ္မဇရုပ် | ၁၈-ပါး |
| ဧကန် | ၉--ပါ၊ |
| အနေကန် | ၉-ပါး |
| စိတ္တဇရုပ် | ၁၅-ပါး |
| ဧကန် | ၂-ပါး |
| အနေကန် | ၁၃-ပါး |
| ဥတုဇရုပ် | ၁၃-ပါး |
| ဧကန် | မရှိ |
| အနေကန် | ၁၃-ပါး |
| အာဟာရဇရုပ် | ၁၂-ပါး |
| ဧကန် | မရှိ |
| အနေကန် | ၁၂-ပါး |

**ဧကဇရုပ်စသည်ကို ပြခြင်း**

| | |
|---|---|
| ဧကဇရုပ် | ၁၁-ပါး |
| ဒွိဇရုပ် | ၁-ပါး |
| တိဇရုပ် | ၃-ပါး |
| စတုဇရုပ် | ၉-ပါး |
| နကုတောစိသမုဋ္ဌာန်ရုပ် | ၄-ပါး |

## ၄။ ရူပကလာပ

## ရုပ်ကလာပ်တို့၏ လက္ခဏာ ၄-ပါး

| | |
|---|---|
| ဧကုပ္ပါဒ | တူသောဖြစ်ခြင်း |
| ဧကနိရောဓ | တူသောချုပ်ခြင်း |
| ဧကနိဿယ | တူသောမှီရာ မဟာဘုတ်ရှိခြင်း |
| သဟဝုတ္တိ | အတူတကွဖြစ်ခြင်း |

## ကလာပ် ၂၁-စည်း

## ကမ္မဇကလာပ် ၉-စည်း

စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာန ဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဣတ္ထိဘာဝဒသက ကလာပ်၊ ပုမ္ဘာဝဒသက ကလာပ် ဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝက ကလာပ်။

## စိတ္တဇကလာပ် ၆-စည်း

သုဒ္ဓဋ္ဌက ကလာပ်၊ ကာယဝိညတ္တိနဝက ကလာပ်၊ ဝစီ ဝိညတ္တိဒသက ကလာပ်၊ လဟုတာဒေကာဒသက ကလာပ်၊ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်၊ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်။

## ဥတုဇကလာပ် ၄စည်း

သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ်၊ လဟုတာဒေကာဒသက ကလာပ်၊ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်။

## အာဟာရဇကလာပ် ၂-စည်း

သုဒ္ဓဋ္ဌက ကလာပ်၊ လဟုတာဒေကာဒသက ကလာပ်။

## အဇ္ဈတ္တ ဗဟိဒ္ဓကလာပ်အခွဲ

ဥတုဇကလာပ် ၄ စည်းထဲမှ သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်နှစ်စည်းတို့သည် အဇ္ဈတ္တသန္တာန်နှင့်ဗဟိဒ္ဓသန္တာန်နှစ်ပါး၌ဖြစ်၏၊ ကြွင်းသောကလာပ် ၁၉ စည်းတို့သည် အဇ္ဈတ္တသန္တာန် တစ်မျိုးတည်း၌သာ ဖြစ်၏။

| | |
|---|---|
| အဇ္ဈတ္တသန္တာန်၌သာဖြစ်သောကလာပ် | ၁၉ စည်း |
| ဗဟိဒ္ဓသန္တာန်၌သာဖြစ်သောကလာပ် | မရှိပါ |
| သန္တာန်နှစ်မျိုးလုံး၌ဖြစ်သောကလာပ် | ၂ စည်း |
| အဇ္ဈတ္တသန္တာန်၌ဖြစ်သောကလာပ် | ၂၁ စည်း |

## နကလာပင်္ဂရုပ် ၅ ပါး

အာကာသဓာတ် ၁ ပါး၊ လက္ခဏာရုပ် ၄ ပါး၊

အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာဖြစ်၏၊ လက္ခဏာရုပ် ၄ ခု တို့သည် ရုပ်ကလာပ် တို့၏ အမှတ်အသားမျှသာ ဖြစ်၏၊ ထိုကြောင့် ဤ ၅ ပါးတို့သည် ကလာပ် ဖွဲ့ရာတွင် မပါဝင်နိုင်ပါ၊ ထို့ကြောင့် နကလာပင်္ဂရုပ် ဟူသော အမည်ကို ရပါသည်၊

## ရူပပဝတ္တိက္ကမ
## ပဋိသန္ဓေ ၃ မျိုး

၁။ သံသေဒဇပဋိသန္ဓေ ငွေ့စိုသော အညှိစသော ပေါက်ခြင်း ဖြစ်သော ပဋိသန္ဓေ၊
၂။ ဩပပါတိကပဋိသန္ဓေ ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေ၊
၃။ ဂဗ္ဘ သေယျကပဋိသန္ဓေ အမိဝမ်း၌ ဖြစ်သော ပဋိသန္ဓေ၊

## ဂဗ္ဘ သေယျက ပဋိသန္ဓေ ၂ မျိုး

၁။ ဇလာဗုဇပဋိသန္ဓေ လူငယ်အိမ်၌ဖြစ်သော ပဋိသန္ဓေ၊
၂။ အဏ္ဍဇပဋိသန္ဓေ ဥခွံ၌ဖြစ်သော ပဋိသန္ဓေ၊

## ကာမဘုံ၌ ရုပ်ဖြစ်စဉ်

ပဋိသန္ဓေအလိုက် ရနိုင်သောကလာပ်များ

သံသေဒဇပဋိသန္ဓေနှင့် ဩပပါတိက ပဋိသန္ဓေ နှစ်မျိုးတို့တွင် ပဋိသန္ဓေ အခါအများဆုံး ကလာပ် ၇ စည်း ရပါသည်၊ ကလာပ် ၇ စည်းမှာ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်တို့ ဖြစ်ကြပါသည်။

အနည်းဆုံး ကလာပ် ၃ – စည်းရပါသည် ၃– စည်းမှာ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်တို့ဖြစ်ပါသည်။

ဂဗ္ဘ သေယျက သတ္တဝါတို့တွင် ပဋိသန္ဓေ အခါ အများဆုံး ကလာပ် ၃ စည်း ရပါသည်။ ၃ စည်းမှာ ကာယ ဒသက ကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသက ကလာပ် တို့ ဖြစ်၏၊ အနည်းဆုံး ကလာပ် ၂ စည်းရပါသည်၊ ၂ စည်း မှာ ကာယဒသက ကလာပ်နှင့် ဝတ္ထုဒသက ကသာပ်တို့ ဖြစ် ပါသည်။

## ပဝတ္တိအခါ

အလုံးစုံသော သတ္တဝါတို့တွင် ပဝတ္တိအခါ သတ္တဝါ အမျိုး အစားအလိုက် အခြားသော ရုပ်ကလာပ် တို့သည် အနေးနှင့် အမြန် ပြည့်စုံသည့်တိုင်အောင် ဖြစ်ကြပါသည်၊

## စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စဉ်

ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှ စ၍ဖြစ် ပါသည်၊

စိတ္တဇရုပ်သည် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှ စ၍ ဖြစ်ပါသည်၊

ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဖြစ် ပါသည်၊

အာဟာရဇရုပ်သည် ဩဇာ ပြန့်နှံ့ချိန်မှ စ၍ ဖြစ် ပါသည်၊

## စတုသမုဋ္ဌာနိကရုပ်တို့၏ ချုပ်စဉ်

ကမ္မဇရုပ်တို့သည် စုတိစိတ်မှအထက် ၁၇ ချက်မြောက် သောစိတ်၏ ဌီခဏမှစ၍ မဖြစ်ကြတော့ပါ၊ ဥပါဒ်ခဏ၌

ဖြစ်ခဲ့သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့် ပြိုင်၍ချုပ်ကြပါသည်၊

စိတ္တဇရုပ်နှင့် အာဟာရဇ ရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ငါးဆယ်ခန့်တွင် ချုပ်ကြပါသည်၊

ဥတုဇရုပ်တို့သည် အလောင်းကောင် ပြိုပျက်သည်တိုင်အောင် တနည်းကမ္ဘာပျက်သည်တိုင်အောင် ဖြစ်နေကြပါသည်၊

## ရူပဘုံ၌ ရုပ်ဖြစ်စဉ်
## ရသောကလာပ်

အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ပဋိသန္ဓေ အခါ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ ဇီဝိတနဝကကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် ၄ စည်းဖြစ်၍ ပဝတ္တိအခါ စိတ္တဇကလာပ် ၆ စည်း၊ ဥတုဇကလာပ် ၄ စည်းအားဖြင့် ကလာပ် ၁၀ စည်းရပါသည်၊ ထိုကြောင့် ကလာပ် ၁၄ စည်းရပါသည်၊ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါဇီဝိတနဝကကလာပ် ၁ စည်းသာရ၍ ပဝတ္တိအခါ ဥတုဇကလာပ် ၄ စည်းထဲမှ သုဒ္ဓဋ္ဌကကလာပ်နှင့် လဟုတာ ဒေကာ ဒသကကလာပ် ၂ စည်းရ၏၊ ထို့ကြောင့် ကလာပ် ၃ စည်းရပါသည်၊

## ဘုံ၌ရသောရုပ်များ

ကာမ ၁၁ ဘုံ၌ ရုပ် ၂၈ ပါးရပါသည်၊

ရူပ ၁၅ ဘုံ၌ ရုပ် ၂၃ ပါးရပါသည်၊

ရူပဘုံ၌ မရသောရုပ် ၅ ပါး

ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိ ဘာဝ၊ ပုမ္ဘာဝ

အသညသတ်ဘုံ၌ ရုပ် ၁၇ ပါးရပါသည်။

ရုပ် ၁၇ ပါးမှာ အဝိနိဗ္ဘောဂရုပ် ၈ ပါး ဇီဝိတရုပ် ၁ ပါး၊ လဟုတာ၊ မုဒုတာ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊အနိစ္စတာနှင့်အာကာသဓာတ်တို့ဖြစ်ပါသည်၊

အရူပ ၄–ဘုံ၌ရသော ရုပ်မရှိပါ။

**ပဋိသန္ဓေ အခါမရသောရုပ် ၈ ပါး**

သဒ္ဒရုပ် ၁ ပါး၊ ဝိကာရရုပ် ၅ ပါး၊ ဇရတာ ၁ ပါး အနိစ္စတာ ၁ ပါး။

**ဘုံ၌ရသောကလာပ်နှင့် ရုပ်များ**

| ဘုံ | ကလာပ် | | ပေါင်း | ရုပ် | | ပေါင်း |
|---|---|---|---|---|---|---|
| | ပဋိသန္ဓေ | ပဝတ္တိ | | ပဋိသန္ဓေ | ပဝတ္တိ | |
| သံသေ၊ ဩ ကာမ ၁၁ ဘုံ | ၇ | ၁၄ | ၂၁ | ၂၀ | ၂၈ | ၂၈ |
| ဂဗ္ဘ | ၃ | ၁၈ | | | | |
| ရူပ ၁၅ ဘုံ | ၄ | ၁၀ | ၁၄ | ၁၅ | ၂၃ | ၂၃ |
| အသညသတ်ဘုံ | ၁ | ၂ | ၃ | ၁၂ | ၁၇ | ၁၇ |

## နိဗ္ဗာန်

နိဗ္ဗာန်ဆိုသည်မှာ လောကုတ္တရာတရားဖြစ်၏၊ မဂ်ခဏာ၌ ဘွေ့မြင်ရ၏၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်၏၊ တဏှာမှ ကင်းလွတ်၏။

### နိဗ္ဗာန် ၂ မျိုး

၁။ သဉပါဒိသေသနိဗ္ဗာန် (ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်)
ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန် မပြုမီမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောင်ပြုအပ်သော နိဗ္ဗာန်၊

၂။ အနုပါဒိသေသနိဗ္ဗာန် (ခန္ဓာအကြွင်းမရှိသော နိဗ္ဗာန်)
ဘုရား ရဟန္တာ ပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန် ပြုပြီးနောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက် ပြုအပ်ဘူးပြီး ဖြစ်သော နိဗ္ဗာန်၊

### နိဗ္ဗာန်အမည် ၃ မျိုး

#### ၁။ သုညတ နိဗ္ဗာန်

ရာဂ၊ ဒေါသ၊ မောဟတို့မှ ကင်းဆိတ်သော နိဗ္ဗာန်း
ရုပ်နာမ်သင်္ခါရတို့မှ ကင်းဆိတ်သော နိဗ္ဗာန်၊

#### ၂။ အနိမိတ္တနိဗ္ဗာန်

ရာဂ၊ ဒေါသ၊ မောဟ နိမိတ်မရှိသော နိဗ္ဗာန်၊
ရုပ် နာမ် သင်္ခါရ နိမိတ်မရှိသော နိဗ္ဗာန်၊

#### ၃။ အပ္ပဏိဟိတနိဗ္ဗာန်

ရာဂ၊ ဒေါသ၊ မောဟ ပဏိဓိမရှိသော နိဗ္ဗာန်း
ရုပ် နာမ် သင်္ခါရ ပဏိဓိ မရှိသော နိဗ္ဗာန်၊

# သမုစ္စည်းပိုင်း

သမုစ္စည်းပိုင်းတွင် ၇၂ ပါးသော ပရမတ္ထတရားတို့ကို စုပေါင်း၍ ပြပါသည်၊ ၇၂ ပါးမှာ စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန် ၁ ပါး ဖြစ်ပါသည်၊

**သင်္ဂဟ ၄ ပါး**

အကုသလ သင်္ဂဟ၊ မိဿက သင်္ဂဟ၊ ဗောဓိပက္ခိယ သင်္ဂဟ၊ သဗ္ဗ သင်္ဂဟ

**အကုသလ သင်္ဂဟ**

**အာသဝ ၄ ပါး**

| | | |
|---|---|---|
| ၁။ ကာမာသဝ | တရားကိုယ်မှာ | လောဘ |
| ၂။ ဘဝါသဝ | တရားကိုယ်မှာ | လောဘ |
| ၃။ ဒိဋ္ဌာသဝ | တရားကိုယ်မှာ | ဒိဋ္ဌိ |
| ၄။ အဝိဇ္ဇာသဝ | တရားကိုယ်မှာ | မောဟ |

**ဩဃ ၄ ပါး**

| | |
|---|---|
| ၁။ ကာမောဃ | လောဘ |
| ၂။ ဘဝေါဃ | လောဘ |
| ၃။ ဒိဋ္ဌောဃ | ဒိဋ္ဌိ |
| ၄။ အဝိဇ္ဇောဃ | မောဟ |

## ယောဂ ၄ ပါး

| | |
|---|---|
| ၁။ ကာမယောဂ | လောဘ |
| ၂။ ဘဝယောဂ | လောဘ |
| ၃။ ဒိဋ္ဌိယောဂ | ဒိဋ္ဌိ |
| ၄။ အဝိဇ္ဇာယောဂ | မောဟ |

## ဂန္ထ ၄ ပါး

| | |
|---|---|
| ၁။ အဘိဇ္ဈာကာယဂန္ထ | လောဘ |
| ၂။ ဗျာပါဒကာယဂန္ထ | ဒေါသ |
| ၃။ သီလဗ္ဗတပရာမာသကာယဂန္ထ | ဒိဋ္ဌိ |
| ၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ | ဒိဋ္ဌိ |

## ဥပါဒါန် ၄ ပါး

| | |
|---|---|
| ၁။ ကာမုပါဒါန် | လောဘ |
| ၂။ ဒိဋ္ဌုပါဒါန် | ဒိဋ္ဌိ |
| ၃။ သီလဗ္ဗတုပါဒါန် | ဒိဋ္ဌိ |
| ၄။ အတ္တဝါဒုပါဒါန် | ဒိဋ္ဌိ |

## နီဝရဏ ၆ ပါး

| | |
|---|---|
| ၁။ ကာမစ္ဆန္ဒနီဝရဏ | လောဘ |
| ၂။ ဗျာပါဒ နီဝရဏ | ဒေါသ |
| ၃။ ထိနမိဒ္ဓနီဝရဏ | ထိနနှင့်မိဒ္ဓ |
| ၄။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ | ဥဒ္ဓစ္စနှင့်ကုက္ကုစ္စ |
| ၅။ ဝိစိကိစ္ဆာနီဝရဏ | ဝိစိကိစ္ဆာ |
| ၆။ အဝိဇ္ဇာနီဝရဏ | မောဟ |

## အနုသယ ၇ ပါး

| | | |
|---|---|---|
| ၁။ | ကာမရာဂါနုသယ | လောဘ |
| ၂။ | ဘဝရာဂါနုသယ | လောဘ |
| ၃။ | ပဋိဃာနုသယ | ဒေါသ |
| ၄။ | မာနာနုသယ | မာန |
| ၅။ | ဒိဋ္ဌာနုသယ | ဒိဋ္ဌိ |
| ၆။ | ဝိစိကိစ္ဆာနုသယ | ဝိစိကိစ္ဆာ |
| ၇။ | အဝိဇ္ဇာနုသယ | မောဟ |

## သုတ္တန်နည်း သံယောဇဉ် ၁၀ ပါး

| | | |
|---|---|---|
| ၁။ | ကာမရာဂ သံယောဇဉ် | လောဘ |
| ၂။ | ရူပရာဂ သံယောဇဉ် | လောဘ |
| ၃။ | အရူပရာဂ သံယောဇဉ် | လောဘ |
| ၄။ | ပဋိဃသံယောဇဉ် | ဒေါသ |
| ၅။ | မာနသံယောဇဉ် | မာန |
| ၆။ | ဒိဋ္ဌိသံယောဇဉ် | ဒိဋ္ဌိ |
| ၇။ | သီလဗ္ဗတပရာမာသသံယောဇဉ် | ဒိဋ္ဌိ |
| ၈။ | ဝိစိကိစ္ဆာသံယောဇဉ် | ဝိစိကိစ္ဆာ |
| ၉။ | ဥဒ္ဓစ္စ သံယောဇဉ် | ဥဒ္ဓစ္စ |
| ၁၀။ | အဝိဇ္ဇာ သံယောဇဉ် | မောဟ |

## အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါး

| | |
|---|---|
| ၁။ ကာမရာဂ သံယောဇဉ် | လောဘ |
| ၂။ ဘဝရာဂ သံယောဇဉ် | လောဘ |
| ၃။ ပဋိဃ သံယောဇဉ် | ဒေါသ |
| ၄။ မာန သံယောဇဉ် | မာန |
| ၅။ ဒိဋ္ဌိသံယောဇဉ် | ဒိဋ္ဌိ |
| ၆။ သီလဗ္ဗတပရာမာသ သံယောဇဉ် | ဒိဋ္ဌိ |
| ၇။ ဝိစိကိစ္ဆာသံယောဇဉ် | ဝိစိကိစ္ဆာ |
| ၈။ ဣဿာသံယောဇဉ် | ဣဿာ |
| ၉။ မစ္ဆရိယသံယောဇဉ် | မစ္ဆရိယ |
| ၁၀ အဝိဇ္ဇာသံယောဇဉ် | မောဟ |

## ကိလေသာ ၁၀ ပါး

| | |
|---|---|
| ၁။ လောဘကိလေသာ | လောဘ |
| ၂။ ဒေါသကိလေသာ | ဒေါသ |
| ၃။ မောဟကိလေသာ | မောဟ |
| ၄။ မာနကိလေသာ | မာန |
| ၅။ ဒိဋ္ဌိကိလေသာ | ဒိဋ္ဌိ |
| ၆။ ဝိစိကိစ္ဆာကိလေသာ | ဝိစိကိစ္ဆာ |
| ၇။ ထိနကိလေသာ | ထိန |
| ၈။ ဥဒ္ဓစ္စကိလေသာ | ဥဒ္ဓစ္စ |
| ၉။ အဟိရိကကိလေသာ | အဟိရိက |
| ၁၀။ အနောတ္တပ္ပကိလေသာ | အနောတ္တပ္ပ |

**တဏှာအစစ် ၁၀၈**

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ၃ ပါးကို မှတည်၍ အာရုံ ၆ ပါး၊ ကာလ ၃ ပါး၊ သန္တာန် ၂ ပါးနှင့် မြှောက်ပါက ၁၀၈ ပါး ဖြစ်ပါသည်။

၃×၆×၃×၂=၁၀၈

**၁၅၀၀ ကိလေသာ**

နာမ် ၅၃ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ဤ ၇၅ ပါးကို သန္တာန် ၂ ပါး၊ ကိလေသာ ၁၀ ပါးနှင့် မြှောက်၍ ၁၅၀၀ ကိလေသာ ဖြစ်၏။

၇၅×၂×၁၀=၁၅၀၀

**၅၂၈ သွယ် မေတ္တာ**

အနောဓိသ ပုဂ္ဂိုလ် ၅ ယောက်၊ ဩဓိသ ပုဂ္ဂိုလ် ၇ ယောက် ဤ ပုဂ္ဂိုလ် ၁၂ ယောက်ကို တည်၍ နည်း ၄ ပါးနှင့် မြှောက် ၄၈ပါးရ၏၊အရပ် ၁၀မျက်နှာဖြင့်ထပ်၍မြှောက် ၄၈၀ ရ၏၊ ယခင် မြှောက်ပြီး ၄၈ နှင့် ထပ်၍ ပေါင်းက ၅၂၈ သွယ် မေတ္တာရ၏။

၁၂×၄=၄၈×၁၀=၄၈၀+၄၈=၅၂၈

**အနောဓိသ ၅ ယောက်**

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ

## ဩဓိသ ၇ယောက်

သဗ္ဗာကုလတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ၊

## ထို ၄ ပါး

အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊

---

## မိဿကသင်္ဂဟ

### ဟိတ် ၆ ပါး

၁။ လောဘဟိတ် လောဘ
၂။ ဒေါသဟိတ် ဒေါသ
၃။ မောဟဟိတ် မောဟ
၄။ အလောဘဟိတ် အလောဘ
၅။ အဒေါသဟိတ် အဒေါသ
၆။ အမောဟဟိတ် ပညာ

### ဈာနင် ၇ ပါး

၁။ ဝိတက်ဈာနင် ဝိတက်
၂။ ဝိစာရဈာနင် ဝိစာရ
၃။ ပီတိဈာနင် ပီတိ
၄။ ဧကဂ္ဂတာဈာနင် ဧကဂ္ဂတာ

| | | |
|---|---|---|
| ၅။ | သောမနဿဈာနင် | ဝေဒနာ |
| ၆။ | ဒေါမနဿဈာနင် | ဝေဒနာ |
| ၇။ | ဥပေက္ခာဈာနင် | ဝေဒနာ |

## မဂ္ဂင် ၁၂ ပါး

| | | |
|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိမဂ္ဂင် | ပညာ |
| ၂။ | သမ္မာသင်္ကပ္ပမဂ္ဂင် | ဝိတက် |
| ၃။ | သမ္မာဝါစာမဂ္ဂင် | သမ္မာဝါစာ |
| ၄။ | သမ္မာကမ္မန္တမဂ္ဂင် | သမ္မာကမ္မန္တ |
| ၅။ | သမ္မာအာဇီဝမဂ္ဂင် | သမ္မာအာဇီဝ |
| ၆။ | သမ္မာဝါယာမမဂ္ဂင် | ဝီရိယ |
| ၇။ | သမ္မာသတိမဂ္ဂင် | သတိ |
| ၈။ | သမ္မာသမာဓိမဂ္ဂင် | ဧကဂ္ဂတာ |
| ၉။ | မိစ္ဆာဒိဋ္ဌိမဂ္ဂင် | ဒိဋ္ဌိ |
| ၁၀။ | မိစ္ဆာသင်္ကပ္ပမဂ္ဂင် | ဝိတက် |
| ၁၁။ | မိစ္ဆာဝါယာမမဂ္ဂင် | ဝီရိယ |
| ၁၂။ | မိစ္ဆာသမာဓိမဂ္ဂင် | ဧကဂ္ဂတာ |

## ဣန္ဒြေ ၂၂ ပါး

| | | |
|---|---|---|
| ၁။ | စက္ခုန္ဒြေ | စက္ခုပသာဒရုပ် |
| ၂။ | သောတိန္ဒြေ | သောတပသာဒရုပ် |
| ၃။ | ဃာနိန္ဒြေ | ဃာနပသာဒရုပ် |
| ၄။ | ဇိဝှိန္ဒြေ | ဇိဝှါပသာဒရုပ် |

| | |
|---|---|
| ၅။ ကာယိန္ဒြေ | ကာယပသာဒရုပ် |
| ၆။ ဣတ္ထိန္ဒြေ | ဣတ္ထိဘာဝရုပ် |
| ၇။ ပုရိသိန္ဒြေ | ပုရိသဘာဝရုပ် |
| ၈။ ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ |
| ၉။ မနိန္ဒြေ | စိတ် |
| ၁၀။ သုခိန္ဒြေ | ဝေဒနာ |
| ၁၁။ ဒုက္ခိန္ဒြေ | ဝေဒနာ |
| ၁၂။ သောမနဿိန္ဒြေ | ဝေဒနာ |
| ၁၃။ ဒေါမနဿိန္ဒြေ | ဝေဒနာ |
| ၁၄။ ဥပေက္ခိန္ဒြေ | ဝေဒနာ |
| ၁၅။ သဒ္ဓိန္ဒြေ | သဒ္ဓါစေတသိက် |
| ၁၆။ ဝီရိယိန္ဒြေ | ဝီရိယစေတသိက် |
| ၁၇။ သတိန္ဒြေ | သတိစေတသိက် |
| ၁၈။ သမာဓိန္ဒြေ | ဧကဂ္ဂတာစေတသိက် |
| ၁၉။ ပညိန္ဒြေ | ပညာစေတသိက် |
| ၂၀။ အနညာတညဿာမီတိန္ဒြေ | ပညာစေတသိက် |
| ၂၁။ အညိန္ဒြေ | ပညာစေတသိက် |
| ၂၂။ အညာတာဝိန္ဒြေ | ပညာစေအသိက် |

## ဗိုလ် ၉ ပါး

| | |
|---|---|
| ၁။ သဒ္ဓါဗိုလ် | သဒ္ဓါစေတသိက် |
| ၂။ ဝီရိယဗိုလ် | ဝီရိယစေတသိက် |
| ၃။ သတိဗိုလ် | သတိစေတသိက် |

၄။ သမာဓိဗိုလ် ဧကဂ္ဂတာစေတသိက်
၅။ ပညာဗိုလ် ပညာစေတသိက်
၆။ ဟိရီဗိုလ် ဟိရီစေတသိက်
၇။ ဩတ္တပ္ပဗိုလ် ဩတ္တပ္ပစေတသိက်
၈။ အဟိရိကဗိုလ် အဟိရိကစေတသိက်
၉။ အနောတ္တပ္ပဗိုလ် အနောတ္တပ္ပစေတသိက်

**အဓိပတိ ၄ ပါး**

၁။ ဆန္ဒာဓိပတိ ဆန္ဒစေတသိက်
၂။ ဝီရိယာဓိပတိ ဝီရိယစေတသိက်
၃။ စိတ္တာဓိပတိ စိတ်
၄။ ဝီမံသာဓိပတိ ပညာစေတသိက်

**အာဟာရ ၄ ပါး**

၁။ ကဗဠီကာရအာဟာရ ဩဇာရုပ်
၂။ ဖဿအာဟာရ ဖဿစေတသိက်
၃။ မနောသဉ္စေတနာအာဟာရ စေတနာစေတသိက်
၄။ ဝိညာဏအာဟာရ စိတ်

---

**ဗောဓိပက္ခိယသင်္ဂဟ**

**ဗောဓိပက္ခိယတရား ၃၇ ပါး**

**သတိပဋ္ဌာန် ၄ ပါး**

၁။ ကာယာနုပဿနာသတိပဋ္ဌာန် သတိစေတသိက်
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် သတိစေတသိက်

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် — သတိစေတသိက်
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် — သတိစေတသိက်

## သမ္မပ္ပဓာန် ၄ ပါး

၁။ ဥပ္ပန္နာနံပါပကာနံပဟာနာယဝါယာမ — ဝီရိယ
၂။ အနုပ္ပန္နာနံပါပကာနံအနုပ္ပါဒါယဝါယာမ — ဝီရိယ
၃။ အနုပ္ပန္နာနံကုသလာနံဥပ္ပါဒါယဝါယာမ — ဝီရိယ
၄။ ဥပ္ပန္နာနံကုသလာနံဘိယျောဘာဝါယဝါယာမ — ဝီရိယ

## ဣဒ္ဓိပါဒ် ၄ ပါး

၁။ ဆန္ဒိဒ္ဓိပါဒ် — ဆန္ဒစေတသိက်
၂။ ဝီရိယိဒ္ဓိပါဒ် — ဝီရိယစေတသိက်
၃။ စိတ္တိဒ္ဓိပါဒ် — စိတ်
၃။ ဝီမံသိဒ္ဓိပါဒ် — ပညာစေတသိက်

## ဣန္ဒြေ ၅ ပါး

၁။ သဒ္ဓိန္ဒြေ — သဒ္ဓါစေတသိက်
၂။ ဝီရိယိန္ဒြေ — ဝီရိယစေတသိက်
၃။ သတိန္ဒြေ — သတိစေတသိက်
၄။ သမာဓိန္ဒြေ — ဧကဂ္ဂတာစေတသိက်
၅။ ပညိန္ဒြေ — ပညာစေတသိက်

## ဗိုလ် ၅ ပါး

| | |
|---|---|
| ၁။ သဒ္ဓါဗိုလ် | သဒ္ဓါစေတသိက် |
| ၂။ ဝီရိယဗိုလ် | ဝီရိယစေတသိက် |
| ၃။ သတိဗိုလ် | သတိစေတသိက် |
| ၄။ သမာဓိဗိုလ် | ဧကဂ္ဂတာစေတသိက် |
| ၅။ ပညာဗိုလ် | ပညာစေတသိက် |

## ဗောဇ္ဈင် ၇ ပါး

| | |
|---|---|
| ၁။ သတိသမ္ဗောဇ္ဈင် | သတိစေတသိက် |
| ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် | ပညာစေတသိက် |
| ၃။ ဝီရိယသမ္ဗောဇ္ဈင် | ဝီရိယစေတသိက် |
| ၄။ ပီတိသမ္ဗောဇ္ဈင် | ပီတိစေတသိက် |
| ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် | ပဿဒ္ဓိစေတသိက် |
| ၆။ သမာဓိသမ္ဗောဇ္ဈင် | ဧကဂ္ဂတာစေတသိက် |
| ၇။ ဥပေက္ခာသမ္ဗောဇ္ဈင် | တတြမဇ္ဈတ္တတာစေတသိက် |

## မဂ္ဂင် ၈ ပါး

| | |
|---|---|
| ၁။ သမ္မာဒိဋ္ဌိ | ပညာစေတသိက် |
| ၂။ သမ္မာသင်္ကပ္ပ | ဝိတက်စေတသိက် |
| ၃။ သမ္မာဝါစာ | သမ္မာဝါစာစေတသိက် |
| ၄။ သမ္မာကမ္မန္တ | သမ္မာကမ္မန္တစေတသိက် |
| ၅။ သမ္မာအာဇီဝ | သမ္မာအာဇီဝစေတသိက် |

၆။ သမ္မာဝါယာမ ဝီရိယစေတသိက်
၇။ သမ္မာသတိ သတိစေတသိက်
၈။ သမ္မာသမာဓိ ဧကဂ္ဂတာစေတသိက်

## ဌာနကို ဖော်ပြခြင်း

သက်ပ္ပ၊ ပဿဒ္ဓိ၊ ပီတိ၊ ဥပေက္ခာ၊ ဆန္ဒ၊ စိတ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ

ဤ ၉ ပါးသော တရားတို့သည် ၁ ဌာနစီသာ ပါဝင်ကြပါသည်။

| | |
|---|---|
| ဝီရိယသည် | ၉ ဌာနပါဝင်ပါသည် |
| သတိသည် | ၈ ဌာနပါဝင်ပါသည် |
| သမာဓိသည် | ၄ ဌာနပါဝင်ပါသည် |
| ပညာသည် | ၅ ဌာနပါဝင်ပါသည် |
| သဒ္ဓါသည် | ၂ ဌာနပါဝင်ပါသည် |

## နဝကေဌာနာ၃

### နဝအရနှင့် ကေဌာနအရကို ယှဉ်တွဲဖော်ပြခြင်း

| နဝအရ | ကေဌာနအရ |
|---|---|
| တရားကိုယ် ၉ ပါး | ဌာနအမည် |
| ၁။ ဝိတက် | သမ္မာသက်ပ္ပမဂ္ဂင် |
| ၂။ ဝဿဒ္ဓိ | ပဿဒ္ဓိသမ္ဗောဇ္ဈင် |

| | | |
|---|---|---|
| ၃။ | ပီတိ | ပီတိသမ္ဗောဇ္ဈင် |
| ၄။ | ဥပေက္ခာ | ဥပေက္ခာသမ္ဗောဇ္ဈင် |
| ၅။ | ဆန္ဒ | ဆန္ဒိဒ္ဓိပါဒ် |
| ၆။ | စိတ္တ | စိတ္တိဒ္ဓိပါဒ် |
| ၇။ | သမ္မာဝါစာ | သမ္မာဝါစာမဂ္ဂင် |
| ၈။ | သမ္မာကမ္မန္တ | သမ္မာကမ္မန္တမဂ္ဂင် |
| ၉။ | သမ္မာအာဇီဝ | သမ္မာအာဇီဝမဂ္ဂင် |

---

## ဝီရိယံ နဝဓာ
## ဝီရိယ၏ နဝဋ္ဌာနကို ပြခြင်း

| တရားကိုယ် | နဝအရ | |
|---|---|---|
| | | ၉ ပါး |
| ဝီရိယ | သမ္မပ္ပဓာန် | ၄ ပါး |
| | ဝီရိယိဒ္ဓိပါဒ် | ၁ ပါး |
| | ဝီရိယိန္ဒြေ | ၁ ပါး |
| | ဝီရိယဗိုလ် | ၁ ပါး |
| | ဝီရိယသမ္ဗောဇ္ဈင် | ၁ ပါး |
| | သမ္မာဝါယာမ မဂ္ဂင် | ၁ ပါး |

---

## အဋ္ဌသတိဥ္ဌ
## သတိ၏ အဋ္ဌဋ္ဌာနကို ပြခြင်း

| တရားကိုယ် | အဋ္ဌအရ | ၈ ပါး |
|---|---|---|
| သတိ | သတိပဋ္ဌာန် | ၄ ပါး |

သတိန္ဒြေ ၁ ပါး
သတိဗိုလ် ၁ ပါး
သတိသမ္ဗောဇ္ဈင် ၁ ပါး
သမ္မာသတိမဂ္ဂင် ၁ ပါး

---

**သမာဓိစတုဋ္ဌ**

**သမာဓိ၏ စတုဋ္ဌာနကို ပြခြင်း**

| | | |
|---|---|---|
| တရားကိုယ် | စတုအရ | ၄ ပါး |
| ဧကဂ္ဂတာ | သမာဓိန္ဒြေ | ၁ ပါး |
| | သမာဓိဗိုလ် | ၁ ပါး |
| | သမာဓိသမ္ဗောဇ္ဈင် | ၁ ပါး |
| | သမ္မာသမာဓိမဂ္ဂင် | ၁ ပါး |

---

**ပဉ္စပညာဋ္ဌ**

**ပညာ၏ ပဉ္စဋ္ဌာနကို ပြခြင်း**

| | | |
|---|---|---|
| တရားကိုယ် | ပဉ္စအရ | ၅ ပါး |
| ပညာ | ဝီမံသိဒ္ဓိပါဒ် | ၁ ပါး |
| | ပညိန္ဒြေ | ၁ ပါး |
| | ပညာဗိုလ် | ၁ ပါး |
| | ဓမ္မဝိစယသမ္ဗောဇ္ဈင် | ၁ ပါး |
| | သမ္မာဒိဋ္ဌိမဂ္ဂင် | ၁ ပါး |

## သဒ္ဓါဒွဋ္ဌာနဘာဝ္ဌ
## သဒ္ဓါ၏ ဒွဋ္ဌာနကို ပြခြင်း

| | |
|---|---|
| တရားကိုယ် | ဒွအရ ၂ ပါး |
| သဒ္ဓါ | သဒ္ဓိန္ဒြေ ၁ ပါး |
| | သဒ္ဓါဗိုလ် ၁ ပါး |

သဗ္ဗလောကုတ္တရေဟော္တိ၊ နဝါသင်္ကပ္ပပီတိယော၌ ဝိတက်နှင့် ပီတိတို့ အချို့သော လောကုတ္တရာစိတ်၌ မရနိုင်ပုံ

သင်္ကပ္ပ ခေါ် ဝိတက်သည် လောကုတ္တရာ ပထမ-ဈာန်၌ရ၍ ဒုတိယဈာန် စသည်တို့၌ မရပါ၊ ပီတိသည် လောကုတ္တရာ ပထမဈာန်၊ဒုတိယဈာန်၊ တတိယဈာန် တို့၌ ရ၍ စတုတ္ထဈာန် ပဉ္စမဈာန်တို့၌ မရနိုင်ပါ၊

ကြွင်းသော ဗောဓိပက္ခိယ တရားတို့သည် အလုံး-စုံသော လောကုတ္တရာစိတ်တို့၌ ရနိုင်ပါသည်။

---

## သဗ္ဗသင်္ဂဟ
## ခန္ဓာ ၅ ပါး

| | |
|---|---|
| ၁။ ရူပက္ခန္ဓာ | ရုပ် ၂၈ ပါး |
| ၂။ ဝေဒနာက္ခန္ဓာ | ဝေဒနာစေတသိက် |

| | |
|---|---|
| ၃။ သညာက္ခန္ဓာ | သညာစေတသိက် |
| ၄။ သင်္ခါရက္ခန္ဓာ | စေတသိက် ၅၀ |
| ၅။ ဝိညာဏက္ခန္ဓာ | စိတ် ၈၉ ပါး |

## ဥပါဒါနက္ခန္ဓာ ၅ ပါး

| | |
|---|---|
| ၁။ ရူပုပါဒါနက္ခန္ဓာ | ရုပ် ၂၈ ပါး |
| ၂။ ဝေဒနုပါဒါနက္ခန္ဓာ | လောကီစိတ်၌ယှဉ်သော ဝေဒနာ စေတသိက် |
| ၃။ သညုပါဒါနက္ခန္ဓာ | လောကီစိတ်၌ယှဉ်သော သညာ စေတသိက် |
| ၄။ သင်္ခါရုပါဒါနက္ခန္ဓာ | လောကီစိတ်၌ယှဉ်သော စေတသိက် ၅၀ |
| ၅။ ဝိညာဏုပါဒါနက္ခန္ဓာ | လောကီစိတ် ၈၁ ပါး |

## အာယတန ၁၂ ပါး

| | |
|---|---|
| ၁။ စက္ခွာယတန | စက္ခုပသာဒရုပ် |
| ၂။ သောတာယတန | သောတပသာဒရုပ် |
| ၃။ ဃာနာယတန | ဃာနပသာဒရုပ် |
| ၄။ ဇိဝှါယတန | ဇိဝှါပသာဒရုပ် |
| ၅။ ကာယာယတန | ကာယပသာဒရုပ် |
| ၆။ မနာယတန | စိတ် ၈၉ ပါး |

| | |
|---|---|
| ၇။ ရူပါယတန | ရူပါရုံ |
| ၈။ သဒ္ဒါယတန | သဒ္ဒါရုံ |
| ၉။ ဂန္ဓာယတန | ဂန္ဓာရုံ |
| ၁၀။ ရသာယတန | ရသာရုံ |
| ၁၁။ ဖောဋ္ဌဗ္ဗာယတန | ဖောဋ္ဌဗ္ဗာရုံ |
| ၁၂။ ဓမ္မာယတန | စေတသိက် ၅၂ ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန် |

## ဓာတ် ၁၈ ပါး

| | |
|---|---|
| ၁။ စက္ခုဓာတ် | စက္ခုပသာဒရုပ် |
| ၂။ သောတဓာတ် | သောတပသာဒရုပ် |
| ၃။ ဃာနဓာတ် | ဃာနပသာဒရုပ် |
| ၄။ ဇိဝှါဓာတ် | ဇိဝှါပသာဒရုပ် |
| ၅။ ကာယဓာတ် | ကာယပသာဒရုပ် |
| ၆။ ရူပဓာတ် | ရူပါရုံ |
| ၇။ သဒ္ဒဓာတ် | သဒ္ဒါရုံ |
| ၈။ ဂန္ဓဓာတ် | ဂန္ဓာရုံ |
| ၉။ ရသဓာတ် | ရသာရုံ |
| ၁၀။ ဖောဋ္ဌဗ္ဗဓာတ် | ဖောဋ္ဌဗ္ဗာရုံ |

| | | |
|---|---|---|
| ၁၁။ | စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ်ဒွေး |
| ၁၂။ | သောတဝိညာဏဓာတ် | သောတဝိညာဏ်ဒွေး |
| ၁၃။ | ဃာနဝိညာဏဓာတ် | ဃာနဝိညာဏ်ဒွေး |
| ၁၄။ | ဇိဝှါဝိညာဏဓာတ် | ဇိဝှါဝိညာဏ်ဒွေး |
| ၁၅။ | ကာယဝိညာဏဓာတ် | ကာယဝိညာဏ်ဒွေး |
| ၁၆။ | မနောဓာတ် | မနောဓာတ် ၃ ခု |
| ၁၇။ | မနောဝိညာဏဓာတ် | ကြွင်းစိတ် ၇၆ ခု |
| ၁၈။ | ဓမ္မဓာတ် | စေတသိက် ၅၂ ပါး၊ သုခုမရုပ် ၁၆ပါး၊ နိဗ္ဗာန် |

## သစ္စာ ၄ ပါး

၁။ ဒုက္ခသစ္စာ တရားကိုယ်မှာ လောကီစိတ် ၈၁ လောဘကြဉ် စေ ၅၁၊ ရုပ် ၂၈

၂။ သမုဒယသစ္စာ တရားကိုယ်မှာ လောဘစေတသိက်

၃။ နိရောဓသစ္စာ တရားကိုယ်မှာ နိဗ္ဗာန်

၄။ မဂ္ဂသစ္စာ တရားကိုယ်မှာ မဂ်စိတ် ၄ ခု၌ရှိသောမဂ္ဂင် တရားကိုယ် ၈ ပါး

## သစ္စဝိမုတ်

မဂ်စိတ္တုပ္ပါဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊

## မင်္ဂစိတ္တုပ္ပါဒ် ၂၉ ခု

မင်္ဂစိတ်၌ယှဉ်သောစေတသိက် ၃၆ ပါးတွင် မဂ္ဂင်ဘရားကိုယ် ၈ ပါးကြဉ်၍ ကျန် ၂၈ ပါးတွင် မင်္ဂစိတ်ကို ၁ ပါးတည်းပြု၍ ပေါင်းထည့် ၂၉ ပါးဖြစ်ပါသည်၊

## ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခု

ဖိုလ်စိတ်၌ ယှဉ်သောစေတသိက် ၃၆ ပါးတွင်ဖိုလ်စိတ်ကို ၁ ပါးတည်းပြု၍ ပေါင်းတည့်ပါက ၃၇ ပါးဖြစ်ပါသည်။

# ပစ္စည်းပိုင်း

## နည်း ၂-ပါး

### ၁။ ပဋိစ္စသမုပ္ပါဒ်နည်း

အကြောင်းပစ္စည်း တရားများကြောင့် အကျိုး ပစ္စယုပ္ပန် တရားများဖြစ်ပုံကို ပြသောနည်းဖြစ်သည်။

### ၂။ ပဋ္ဌာန်းနည်း

အကြောင်း ပစ္စည်းတရားများကြောင့် အကျိုး ပစ္စယုပ္ပန် တရားများဖြစ်ပုံနှင့်တကွ ပစ္စယသတ္တိကိုပါပြသော နည်းဖြစ်သည်။

---

### ပဋိစ္စသမုပ္ပါဒ်နည်း

### အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌

အဝိဇ္ဇာအရ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော မောဟစေတသိက်ရ၏။

သင်္ခါရအရ လောကီကုသိုလ် အကုသိုလ်၌ ယှဉ်သော စေတနာ ၂၉-ပါးရ၏။

## သင်္ခါရပစ္စယာဝိညာဏ ၌

သင်္ခါရအရ ဥဒ္ဓစ္စသဟဂုတ် ကြဉ်သော အကုသိုလ်စိတ် ၁၁-ပါး၌ ယှဉ်သော စေတနာ၊ အဘိညာဉ် ကြဉ်သော လောကီကုသိုလ် ၁၇-ပါး၌ ယှဉ်သောစေတနာရ၏။

ဝိညာဏအရ လောကီဝိပါက်စိတ် ၃၂-ပါးရ၏။

## ဝိညာဏပစ္စယာ နာမရူပံ၌

ဝိညာဏအရ ပဋိသန္ဓိစိတ် ၁၉-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါးရ၏။

နာမရူပအရ ဝိပါက်နှင့် ယှဉ်သော စေတသိက် ၃၅ ပါး၊ ကမ္မဇရုပ် ၂၀-ပါးရ၏။

## နာမရူပပစ္စယာ သဠာယတနံ၌

နာမရူပအရ စေတသိက် ၃၂-ပါး၊ ရုပ် ၂၈-ပါး ရ၏။

သဠာယတနအရ စက္ခာယတနစသော အာယတန ၆ ပါးရ၏။

## သဠာယတနပစ္စယာ ဖဿော၌

သဠာယတနအရ ရူပါယတနစသော အာယတန ၆-ပါး ရ၏။

ဖဿအရ စက္ခုသမ္ဖဿစသော ဖဿ ၆-ပါးရ၏။

## ဖဿပစ္စယာဝေဒနာ၌

ဖဿအရ စက္ခုသမ္ဖဿစသော ဖဿ ၆-ပါးရ၏။

ဝေဒနာအရ စက္ခုသမ္ဖဿဇာဝေဒနာ စသော ဝေဒနာ ၆-ပါးရ၏။

## ဝေဒနာပစ္စယာ တဏှာ၌

ဝေဒနာအရ စက္ခုသမ္ဖဿဇာ ဝေဒနာစသောဝေဒနာ ၆ ပါးရ၏။

တဏှာအရ ရူပတဏှာစသော တဏှာ ၆ ပါးရ၏၊

## တဏှာပစ္စယာ ဥပါဒါန်၌

တဏှာအရ ရူပတဏှာစသောတဏှာ ၆ ပါးရ၏၊

ဥပါဒါနအရ ဥပါဒါန် ၄ ပါးရ၏၊

## ဥပါဒါနပစ္စယာ ဘဝေါ၌

ဥပါဒါနအရ ဥပါဒါန် ၄ ပါးရ၏၊

ဘဝအရ ကမ္မဘဝ၊ ဥပပတ္တိဘဝ ၂ ပါးရ၏၊

ကမ္မဘဝအရ လောကီကုသိုလ်၊ အကုသိုလ်စေတနာ ၂၉ ပါးရ၏၊

ဥပပတ္တိဘဝအရ လောကီဝိပါက်စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်ရ၏၊

## ဥပပတ္တိဘဝ ၉ ပါး

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဥ္စဝေါကာရဘဝ

## ဘဝပစ္စယာ ဇာတိ၌

ဘဝအရ ကမ္မဘဝရ၏၊

ဇာတိအရ လောကီဝိပါက်စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်ခဏရ၏၊

## ဇာတိပစ္စယာ ဇရာမရဏ (ပ) ပါယာသာ၌

ဇာတိအရ ရုပ်၏ဇာတိ၊ နာမ်၏ဇာတိရ၏၊

ဇရာအရ လောကီဝိပါက်စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်းဌီခဏရ၏၊

မရဏအရ လောကီဝိပါက်စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ပျက်ခြင်းဘင်ခဏရ၏၊

သောကအရ ဒေါသမူဒွေး၌ ရှိသောဒေါမနဿဝေဒနာရ၏၊

ပရိဒေဝအရ စိတ္တဇဝိပလ္လာသသဒ္ဒရုပ်ရ၏၊
ဒုက္ခအရ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ ယှဉ်သောဝေဒနာ စေတသိက်ရ၏၊

ဒေါမနဿအရ ဒေါသမူဒွေး၌ယှဉ်သော ဝေဒနာစေတသိက်ရ၏၊

ဥပါယာသအရ ဒေါသမူဒွေး၌ယှဉ်သော ဒေါသစေတသိက်ရ၏၊

## သင်္ခါရနှင့် ကမ္မဘဝ

ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးရန် အတိတ်ဘဝကဖြစ်ခဲ့သော စေတနာသည် သင်္ခါရမည်၏၊ အနာဂတ် ဘဝ၌ အကျိုးပေးရန် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ခသော စေတနာသည် ကမ္မဘဝမည်၏၊

## အဓွန့် ၃ ပါး

၁။ အတိတ်အဓွန့် အဝိဇ္ဇာ၊ သင်္ခါရ

၂။ အနာဂတ်အဓွန့် ဇာတိ၊ ဇရာမရဏ

၃။ ပစ္စုပ္ပန်အဓွန့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊

## အင်္ဂါ ၁၂ ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ၊

## အခြင်းအရာ ၂၀

အတိတ်အကြောင်း ၅ပါး အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ

ပစ္စုပ္ပန်အကျိုး ၅ ပါး ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

ပစ္စုပ္ပန်အကြောင်း ၅ ပါး တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊

အနာဂတ်အကျိုး ၅ ပါး ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

**အစပ် ၃ ပါး**

၁။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်၊

၂။ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းတစ်စပ်

၃။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်၊

**အလွှာ ၄ ပါး**

၁။ အတိတ်အကြောင်း တစ်လွှာ

၂။ ပစ္စုပ္ပန်အကျိုး တစ်လွှာ

၃။ ပစ္စုပ္ပန်အကြောင်း တစ်လွှာ

၄။ အနာဂတ်အကျိုး တစ်လွှာ

**ဝဋ် ၃ ပါး**

၁။ ကိလေသဝဋ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

၂။ ကမ္မဝဋ် သင်္ခါရ၊ ကမ္မဘဝ။

၃။ ဝိပါကဝဋ် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ။

မူလ ၂ ပါး
အဝိဇ္ဇာ၊ တဏှာ

---

**ပဋ္ဌာန်းနည်း**

**ပဋ္ဌာန်း ၂၄ ပစ္စည်း**

**ကျေးဇူးပြုပုံ ၆ မျိုး**

**နာမ်သည် နာမ်အား ၆ ပစ္စည်း**

**အနန္တရ၊ သမနန္တရ။ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ**

**နာမ်သည် နာမ်ရုပ်အား ၅ ပစ္စည်း**

ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက

**နာမ်သည် ရုပ်အား ၁ ပစ္စည်း**

ပစ္ဆာဇာတ

**နာမ်သည် နာမ်အား ၁ ပစ္စည်း**

ပုရေဇာတ

**ပညတ်နာမ်ရုပ်သည် နာမ်အား ၂ ပစ္စည်း**

အာရမ္မဏ၊ ဥပနိဿယ

**နာမ်ရုပ်သည် နာမ်ရုပ်အား ၉ ပစ္စည်း**

**အဓိပတိ၊** သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊

## ပစ္စည်း အကျဉ်းချုပ်

အာရမ္မဏူပနိဿယ၊ ကမ္မတ္ထိပစ္စယေသုစ၊ သဗ္ဗေပိပ
စ္စယာသမောဓာနံ ဂစ္ဆန္တိ၊

### ၁။ အာရမ္မဏပစ္စည်းတွင် ပါဝင်ပုံ

အလုံးစုံသော ပစ္စည်း၊ စိတ်၊ စေတသိက် ,စသော
တရားတို့သည် အာရုံနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်
အာရမ္မဏ ပစ္စည်းတွင် ပါဝင်ကြပါသည်။

### ၂။ ဥပနိဿယ ပစ္စည်းတွင် ပါဝင်ပုံ

မိမိဥစ္စာဖြစ်ကုန်သောပစ္စည်း၊ ပစ္စယုပ္ပန်တရားတို့၏
မှီရာဖြစ်သောကြောင့် ဥပနိဿယပစ္စည်းတွင် ပါဝင်ကြ
ပါသည်။

### ၃။ ကမ္မပစ္စည်းတွင် ပါဝင်ပုံ

အတ္တဘောတည်းဟူသော သင်္ခါရလောက၏ ဖြစ်
ခြင်းသည် ကုသိုလ်၊ အကုသိုလ်ကံလျှင် အရင်းခံရှိ၍
အကြောင်း၏အမည်ကို အကျိုး၌ တင်စားသော အား
ဖြင့် ကမ္မပစ္စည်းတွင် ပါဝင်ကြပါသည်။

### ၄။ အတ္ထိပစ္စည်းတွင် ပါဝင်ပုံ

အလုံးစုံသော တရားတို့သည် ပရမတ္ထ အားဖြင့်
လည်းကောင်း၊ သမုတိပညတ် အားဖြင့်လည်းကောင်း

ထင်ရှား ဖြစ်သောကြောင့် အဋ္ဌိပစ္စည်းတွင် ပါဝင်ကြ ပါသည်။

## ရုပ်၊ နာမ်၊ ပညတ်အခွဲ

| | |
|---|---|
| ရူပဓမ္မ (ရူပက္ခန္ဓာ) | ရုပ် ၂၈ ပါး |
| အရူပဓမ္မ (နာမဓမ္မ) | ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ နိဗ္ဗာန် |
| ပညတ္တိဓမ္မ (ပညတ်) | အတ္ထပညတ် ၆ ပါး၊ သဒ္ဒပညတ် ၆ ပါး၊ |

## အတ္ထပညတ် ၆ ပါး

| | | |
|---|---|---|
| ၁။ | သဏ္ဌာန ပညတ် | ဘူမိပဗ္ဗတာဒိကာ မြေ၊ တောင် စသည် |
| ၂။ | သမူဟပညတ် | ဂေဟ၊ ရထ၊ သကဋာဒိကာ အိမ်၊ ရထား၊ လှည်း စသည်၊ |
| ၃။ | သတ္တပညတ် | ပုရိသပုဂ္ဂလာဒိကာ ယောကျာ်း၊ ပုဂ္ဂိုလ် စသည်၊ |
| ၄။ | ဒိသာကာလပညတ် | စန္ဒာဝဋ္ဋနာဒိကာ အရှေ့၊ အနောက်၊ နံနက်၊ ည စသည်၊ |
| ၅။ | အာကာသပညတ် | ကူပဂုဟာဒိကာ လိုင်၊ ဂူ စသည်၊ |

| | | |
|---|---|---|
| ၆။ | နိမိတ္တပညတ် | ကသိဏနိမိတ္တာဒိကာ ကသိုဏ်း နိမိတ်စသည်။ |

**သဒ္ဒပညတ် ၆ ပါး**

| | | |
|---|---|---|
| ၁။ | ဝိဇ္ဇမာနပညတ် | ရူပဝေဒနာဒိ ရုပ်ဝေဒနာစသည်၊ |
| ၂။ | အဝိဇ္ဇမာနပညတ် | ဘူမိပဗ္ဗတာဒိ မြေတောင် စသည်၊ |
| ၃။ | ဝိဇ္ဇမာနေနအဝိဇ္ဇမာန ပညတ် | ဆဠဘိညာ အဘိညာဉ် ၆ ပါးရှိသူ၊ |
| ၄။ | အဝိဇ္ဇမာနေနဝိဇ္ဇမာန ပညတ် | ဣတ္ထိသဒ္ဒ မိန်းမအသံ၊ |
| ၅။ | ဝိဇ္ဇမာနေနဝိဇ္ဇမာန ပညတ် | စက္ခုဝိညာဏ စက္ခုဝိညာဉ်၊ |
| ၆။ | အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ် | ရာဇပုတ္တ မင်း၏သား၊ |

**ပညတ်နှစ်ပါး သိပုံနှင့် နာမ ပညတ် ဖြစ်ပုံ**

အိုးဟူသောအသံတစ်ချက်ထွက်သည့် ၁ လုံးတည်း ရှိ သဒ္ဒါ၌ အသံသို့အစဉ်လိုက်သော သောတဝိညာဏ

ဝီထိ တစ် ဝီထိ၊ အသံကို ဆက်လက်၍ အာရုံပြုသော တဒနုဝတ္တိက မနောဒွါရ တစ် ဝီထိ၊ ထိုနောင် အိုး ဟူသော နာမ ပညတ်ကို အာရုံပြုသော သုဒ္ဓမနော ဒွါရ ဝီထိ တစ်ဝီထိ၊ ထိုနောင် အိုး ခြုပ်အတ္ထ ပညတ် ကို အာရုံပြု၍ သုဒ္ဓမနော ဒွါရဝီထိ တစ် ဝီထိ အားဖြင့် ၄ ဝီထိ ဖြစ်မှ အနက်ခြုပ် အတ္ထပညတ်ကို သိပါသည်။

ဃဋ္ဋ ဟူသော ၂ လုံး သဒ္ဒါ၌ ဃတွင် ၂ ဝီထိ၊ ဋ္ဋ တွင် ၂ ဝီထိ ကျပြီးနောက် အိုးဟူသော နာမ ပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တစ်ဝီထိ၊ ထို နောင် အိုး ခြုပ်အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနော ဒွါရ တစ် ဝီထိ အားဖြင့် ၆ ဝီထိ ကျပြီးမှ အိုးဟူသော အနက် ခြုပ် အတ္ထ ပညတ်ကို သိပါသည်။
(ဃဋ္ဋ အိုး)

သုနခ ဟူသော ၃ လုံး သဒ္ဒါ၌ ၈ ဝီထိ ကျပြီးမှ ခွေး ဟူသော အနက် ခြုပ် အတ္ထပညတ်ကို သိပါသည်။
(သုနခ ခွေး)

# ကမ္မဋ္ဌာန်းပိုင်း

**သမထ**

နီဝရဏာဓမ္မေ သမေတီတိ သမထော

လောကီကုသိုလ် ကြိယာဥ္စရှိသော သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်ရ၏။

**ဝိပဿနာ**

ဝိသေသေနအနိစ္စာဒိအာကာရေနပဿတီတိ ဝိပဿနာ မဟာကုသိုလ်၊ မဟာကြိယာဥ္စ ရှိသော ပညာစေတသိက်ရ၏။

**ဘာဝနာ**

ဘာဝေတဗ္ဗာတိ ဘာဝနာ
ပွားများ စေအပ်သော တရား

**ကမ္မဋ္ဌာန်း**

ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ
ပွားများမှု၏ တည်ရာအာရုံ

**သမထ၏ အာရုံ**

သမထ၏ အာရုံမှာ မဟဂ္ဂုတ်နှင့် ပညတ်ဖြစ်၏။

**သမထ၏ အကျိုး**

သမထကို အားထုတ်သဖြင့် သမာပတ် (မဟဂ္ဂုတ်ဈာန်) ၉ ပါးကို ရနိုင်ပါသည်။

**ဝိပဿနာ၏ အာရုံ**

ဝိပဿနာ၏ အာရုံမှာ တေဘူမက သင်္ခါရ (ရုပ်နာမ်) ဖြစ်ပါသည်။

**ဝိပဿနာ၏အကျိုး**

ဝိပဿနာကို ပွားများအားထုတ် သဖြင့် မဂ်ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်ပါသည်။

---

**သမထကမ္မဋ္ဌာန်းနည်း**

**ကမ္မဋ္ဌာန်း ၄၀**

ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ အပ္ပမညာ ၄ ပါး၊ သညာ ၁ ပါး၊ ဝဝတ္ထာန် ၁ ပါး၊ အာရုပ္ပ ၄ ပါး

**စရိုက် ၆ ပါး**

ရာဂ စရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက် စရိုက်။

**ဘာဝနာ ၃ ပါး**

ပရိကမ္မဘာဝနာ အပ္ပနာကို ပြုပြင်တတ်သော တရား။
ဥပစာရဘာဝနာ တဒင်္ဂပဟာန်ဖြင့် နီဝရဏ တို့ကို ပယ်စွန့်သည်မှစ၍ ဂေါ်တြဘူ အဆုံးရှိသော ကာမာဝစရဘာဝနာ။
အပ္ပနာဘာဝနာ မဟဂ္ဂုတ်အဖြစ်သို့ရောက်သော ဘာဝနာ။

**နိမိတ် ၃ ပါး**

ပရိကမ္မနိမိတ် စက္ခုဒွါရဖြင့် မြင်ကောင်းသော အာရုံ၊
ဥဂ္ဂဟနိမိတ် မနောဒွါရ၌ ထင်လာသော ကသိုဏ်းဝန်း အာရုံ၊
ပဋိဘာဂနိမိတ် မနောဒွါရ၌ ထင်လာသော ကသိုဏ်းဝန်း အာရုံ၊

**သပ္ပါယ ဘေဒ**

**စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

| **စရိုက်** | **ကိုယ်ပိုင်** | **အများပိုင်** | **ပေါင်း** |
|---|---|---|---|
| ရာဂစရိုက်များသူ | ၁၁ | ၁၀ | ၂၁ |
| ဒေါသစရိုက်များသူ | ၈ | ၁၀ | ၁၈ |
| မောဟစရိုက်များသူ | ၁ | ၁၀ | ၁၁ |
| ဝိတက်စရိုက်များသူ | ၁ | ၁၀ | ၁၁ |
| သဒ္ဓါစရိုက်များသူ | ၆ | ၁၀ | ၁၆ |
| ဗုဒ္ဓိစရိုက်များသူ | ၄ | ၁၀ | ၁၄ |

## အများပိုင် ၁၀ ပါး

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း၊ အာရုပ္ပ ၄ ပါး၊

### ဘာဝနာ ဘေဒ

ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

ပရိကမ္မဘာဝနာကို ကမ္မဋ္ဌာန်း ၄၀ တို့၌ ရအပ်၏၊

ဥပစာရဘာဝနာကို ကမ္မဋ္ဌာန်း ၄၀ တို့၌ ရအပ်၏၊

အပ္ပနာဘာဝနာကို ကမ္မဋ္ဌာန်း ၃၀ တို့၌ ရအပ်၏၊

### စျာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

| စျာန် | ကိုယ်ပိုင် | အများပိုင် | ပေါင်း |
|---|---|---|---|
| ပဌမစျာန် | ၁၁ | ၁၄ | ၂၅ |
| ဒုတိယစျာန် | ဝ | ၁၄ | ၁၄ |
| တတိယစျာန် | ဝ | ၁၄ | ၁၄ |
| စတုတ္ထစျာန် | ဝ | ၁၄ | ၁၄ |
| ပဉ္စမစျာန် | ၁ | ၁၁ | ၁၂ |

| | | |
|---|---|---|
| အာကာသာနဉ္စာယတန ဈာန် | အာကာသာနဉ္စာယတန ကမ္မဋ္ဌာန်း | ၁ |
| ဝိညာဏဉ္စာယတနဈာန် | ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်း | ၁ |
| အာကိဉ္စညာယတနဈာန် | အာကိဉ္စညာယတန ကမ္မဋ္ဌာန်း | ၁ |
| နေဝသညာနာသညာယတန ဈာန် | နေဝသညာ နာသညာ ယတန ကမ္မဋ္ဌာန်း | ၁ |

**ဈာန်မရနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး**

| | |
|---|---|
| ဗုဒ္ဓါနုဿတိစသော အနုဿတိ | ၈ ပါး |
| သညာ | ၁ ပါး |
| ဝဝတ္ထာန် | ၁ ပါး |

## ဂေါစရဘေဒ
## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

ပရိကမ္မနိမိတ်ကို ကမ္မဋ္ဌာန်း ၄၀ လုံး၌ ရအပ်၏၊
ဥဂ္ဂဟနိမိတ်ကို ကမ္မဋ္ဌာန်း ၄၀ လုံး၌ ရအပ်၏၊
ပဋိဘာဂနိမိတ်ကို ကမ္မဋ္ဌာန်း ၂၂ ပါး၌ ရအပ်၏၊

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

ပရိကမ္မဘာဝနာသည် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ် နှစ်ပါးကို အာရုံပြု၏။

ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာ တို့သည် ပဋိဘာဂနိမိတ်ကို အာရုံပြု၏။

## ဝသီဘော် ၅ ပါး

၁။ အာဝဇ္ဇနဝသီဘော်
၂။ သမာပဇ္ဇနဝသီဘော်
၃။ အဓိဋ္ဌာနဝသီဘော်
၄။ ဝုဋ္ဌာနဝသီဘော်
၅။ ပစ္စဝေက္ခဏာဝသီဘော်

## အဘိညာဉ် ၅ ပါး

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်
၂။ ဒိဗ္ဗသောတအဘိညာဉ်
၃။ ဣဒ္ဓိဝိဓအဘိညာဉ်
၄။ ပရစိတ္တဝိဇာနနာအဘိညာဉ်
၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်

## အဘိညာဉ် ၆ ပါး

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်
၂။ ဒိဗ္ဗသောတအဘိညာဉ်
၃။ ဣဒ္ဓိဝိဓအဘိညာဉ်
၄။ ပရစိတ္တဝိဇာနနာအဘိညာဉ်
၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်
၆။ အာသဝက္ခယအဘိညာဉ်

**အဘိညာဉ် ၇ ပါး**

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်
၂။ ဒိဗ္ဗသောတအဘိညာဉ်
၃။ ဣဒ္ဓိဝိဓအဘိညာဉ်
၄။ ပရစိတ္တဝိဇာနနအဘိညာဉ်
၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်
၆။ ယထာကမ္မူပဂအဘိညာဉ်
၇။ အနာဂတံသအဘိညာဉ်

---

**ဝိပဿနာ ကမ္မဋ္ဌာန်း**
**ဝိသုဒ္ဓိ ၇ ပါး**

၁။ သီလဝိသုဒ္ဓိ
၂။ စိတ္တဝိသုဒ္ဓိ
၃။ ဒိဋ္ဌိဝိသုဒ္ဓိ
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ
၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
၇။ ဉာဏဒဿနဝိသုဒ္ဓိ

**လက္ခဏာယာဉ် ၃ ပါး**

၁။ အနိစ္စလက္ခဏာ မမြဲသည်ကိုမှတ်သားကြောင်း
၂။ ဒုက္ခလက္ခဏာ ဆင်းရဲသည်ကိုမှတ်သားကြောင်း
၃။ အနတ္တလက္ခဏာ ပုဂ္ဂိုလ်သတ္တဝါမရှိသည်ကို မှတ်သားကြောင်း

**အနုပဿနာ ၃ ပါး**

၁။ အနိစ္စာနုပဿနာ — မမြဲသည်ကို ရှုမြင်သော ဝိပဿနာ ဉာဏ်

၂။ ဒုက္ခာနုပဿနာ — ဆင်းရဲသည်ကိုရှုမြင်သောဝိပဿနာ ဉာဏ်

၃။ အနတ္တာနုပဿနာ — ပုဂ္ဂိုလ် သတ္တဝါ မရှိသည်ကို ရှုမြင်သော ဝိပဿနာဉာဏ်

**အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿနာ**

အနိစ္စ — မမြဲခြင်းသဘောရှိသော ခန္ဓာ ၅ ပါး

အနိစ္စလက္ခဏာ — မမြဲသည်ကို မှတ်သားကြောင်း ဖြစ်ပျက် တရား

အနိစ္စာနုပဿနာ — မမြဲသည်ကို အဖန်ဖန် ရှုမြင်သော ဝိပဿနာဉာဏ်

**ဒုက္ခ၊ ဒုက္ခလက္ခဏာ၊ ဒုက္ခာနုပဿနာ**

ဒုက္ခ ဆင်းရဲခြင်း သဘောရှိသော ခန္ဓာ ၅ ပါး

ဒုက္ခလက္ခဏာ ဆင်းရဲခြင်းကို မှတ်သားကြောင်းဖြစ်ပျက် တရား

ဒုက္ခာနုပဿနာ ဆင်းရဲသည်ကို အဖန်ဖန် ရှုမြင်သော ဝိပဿနာဉာဏ်

**အနတ္တ၊ အနတ္တလက္ခဏာ၊ အနတ္တာနုပဿနာ**

အနတ္တ ပုဂ္ဂိုလ်သတ္တဝါ အတ္တမရှိခြင်း သဘောခန္ဓာ ၅ ပါး

အနတ္တလက္ခဏာ ပုဂ္ဂိုလ်သတ္တဝါ အတ္တမရှိသည်ကို မှတ်သားကြောင်း ဖြစ်ပျက်တရား
အနတ္တာနုပဿနာ ပုဂ္ဂိုလ် သတ္တဝါ အတ္တမရှိသည်ကို အဖန်ဖန်ရှုမြင်သော ဝိပဿနာဉာဏ်

---

## ဝိပဿနာဉာဏ် ၁၀ ပါး

### ၁။ သမ္မသနဉာဏ်

ရုပ်နာမ် ဓမ္မသင်္ခါရတို့ကို အဖန်ဖန် သုံးသပ်ဆင်ခြင်သောဉာဏ်

### ၂။ ဥဒယဗ္ဗယဉာဏ်

ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းကိုအဖန်ဖန်ရှုမြင်သောဉာဏ်

### ၃။ ဘင်္ဂဉာဏ်

ရုပ်နာမ်ဓမ္မသင်္ခါရ တို့၏ ပျက်ခြင်းကိုသာ အဖန်ဖန်ရှုမြင်သောဉာဏ်

### ၄။ ဘယဉာဏ်

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဘေးဟု အဖန်ဖန်ရှုမြင်သောဉာဏ်

### ၅။ အာဒီနဝဉာဏ်

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အပြစ်ဟု အဖန်ဖန်ရှုမြင်သောဉာဏ်

### ၆။ နိဗ္ဗိဒါဉာဏ်

ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့သောဉာဏ်

### ၇။ မုစ္စိတုကမျတာဉာဏ်

ရုပ်နာမ်ဓမ္မသင်္ခါရတို့မှ လွတ်မြောက်လိုသောဉာဏ်

### ၈။ ပဋိသင်္ခါဉာဏ်

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ထပ်မံဆင်ခြင်သောဉာဏ်

### ၉။ သင်္ခါရုပေက္ခာဉာဏ်

ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို လျစ်လျူရှုသောဉာဏ်

### ၁၀။ အနုလောမဉာဏ်

သမ္မသနစသောဉာဏ် ၉ ပါးနှင့်လည်းလျော်၊ ဗောဓိ ပက္ခိယတရား ၃၇ ပါးနှင့် သည်းလျော်သောဉာဏ်

---

## ဝိမောက္ခ ၃ ပါး

### ၁။ သုညတဝိမောက္ခ

အတ္တမှဆိတ်သည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်မြောက်သောမဂ်၊

### ၂။ အနိမိတ္တဝိမောက္ခ

နိစ္စနိမိတ် စသည်မရှိသည်ဖြစ်၍ သံယောဇဉ် စသည်တို့ မှလွတ်မြောက်သောမဂ်၊

### ၃။ အပ္ပဏိဟိတဝိမောက္ခ

**တောင့်တခြင်း** တဏှာမှ ကင်းသည်ဖြစ်၍ သံယော ဇဉ် စသည်တို့မှ လွတ်မြောက်သောမဂ်

---

### ဝိမောက္ခမုခ ၃ ပါး

### ၁။ သုညတာနုပဿနာ

အတ္တမှဆိတ်သည်ကို အဖန်တလဲလဲ ရှုမြင်သောဉာဏ်။

### ၂။ အနိမိတ္တာနုပဿနာ

နိစ္စနိမိတ် စသည်မရှိခြင်းကို အဖန်တလဲလဲ ရှုမြင် သောဉာဏ်၊

### ၃။ အပ္ပဏိဟိတာနုပဿနာ

တောင့်တခြင်း တဏှာမှကင်းသည်ကို အဖန်တလဲလဲရှု မြင်သောဉာဏ်၊

---

### ဝိမောက္ခနှင့် ဝိမောက္ခမုခ

### ဝိမောက္ခ

သံယောဇဉ်စသည်တို့မှ လွတ်မြောက်သော မဂ်ဖိုလ် တရား၊

### ဝိမောက္ခမုခ

သံယောဇဉ် စသည်တို့မှ လွတ်မြောက်ကြောင်း ဝိပ ဿနာဉာဏ်၊

## ဝိသုဒ္ဓိဘေဒ

### ၁။ သီလဝိသုဒ္ဓိ

ပါတိမောက္ခသံဝရ သီလစသော သီလ ၄ ပါး၏ စင်ကြယ်မှု၊

### သီလ ၄ ပါး

၁။ ပါတိမောက္ခသံဝရသီလ သဒ္ဓါပြခံန်းသော ကုသိုလ် စိတ္တုပ္ပါဒ်၊
၂။ ဣန္ဒြိယသံဝရသီလ သတိပြခံန်းသော ကုသိုလ် စိတ္တုပ္ပါဒ်၊
၃။ အာဇီဝပါရိသုဒ္ဓိသီလ ဝိရိယပြခံန်းသော ကုသိုလ် စိတ္တုပ္ပါဒ်၊
၄။ ပစ္စယသန္နိဿိတသီလ ပညာပြခံန်းသော ကုသိုလ် စိတ္တုပ္ပါဒ်၊

### ၂။ စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ

### ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့်နာမ် ရုပ်တရားတို့၏ အကြောင်းကို သိမ်းဆည်းမှု၊

### ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်တရားရုပ်တရားတို့၏အကြောင်းကို သိမ်းဆည်း လျက် ယုံမှားခြင်း ၁၆ ပါးကို လွန်မြောက်မှု၊

၅။ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**

မဂ်ဟုတ်သည် မဟုတ်သည်ကို သိသော ဉာဏ်၏ စင်ကြယ်မှု

၆။ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**

ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉ ပါး၏ စင်ကြယ်မှု၊

၇။ **ဉာဏဒဿနဝိသုဒ္ဓိ**

မဂ်ဉာဏ် ၄ ပါး၏ စင်ကြယ်မှု

**ဝိပဿနာညစ်ညူးကြောင်း**

**ဘေးရန် ၁၀ ပါး**

| | | |
|---|---|---|
| ၁။ | ဩဘာသ | ကိုယ်ရောင်ကိုယ်ဝါ ဖြစ်ပေါ်ခြင်း၊ |
| ၂။ | ပီတိ | နှစ်သက်ခြင်း |
| ၃။ | ပဿဒ္ဓိ | ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်း၊ |
| ၄။ | အဓိမောက္ခ | သက်ဝင်ယုံကြည်သောသဒ္ဓါ ဖြစ်ခြင်း၊ |
| ၅။ | ပဂ္ဂဟ | စိတ်ကို ချီးမြှောက် တတ်သော ဝီရိယဖြစ်ခြင်း၊ |

| | | |
|---|---|---|
| ၆။ | သုခ | သုခဝေဒနာ ဖြစ်ပေါ်ခြင်း၊ |
| ၇။ | ဉာဏ | ထက်မြက်လျှင်မြန်အမြင်သန်သော ဝိပဿနာဉာဏ် ဖြစ်ခြင်း၊ |
| ၈။ | ဉပဋ္ဌာန | အာရုံ၌ စွဲမြဲစွာ တည်သော သတိ ဖြစ်ပေါ်ခြင်း၊ |
| ၉။ | ဉပေက္ခာ | တတြမဇ္ဈတ္တုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာဖြစ်ပေါ်ခြင်း၊ |
| ၁၀။ | နိကန္တိ | ဝိပဿနာကိုနှစ်သက်မှုနူးညံ့သိမ်မွေ့သော တဏှာ ဖြစ်ခြင်း၊ |

(အမှာ) ဘေးရန် ၁၀ ပါးတို့တွင် နိကန္တိ တစ်ပါးသာ အကုသိုလ်ဖြစ်၍ ဘေးရန်အစစ်ဖြစ်သည်၊ ကျန် ၉ ပါးတို့မှာ ၎င်းတို့ကို အစွဲပြု၍ တဏှာ၊ မာန၊ ဒိဋ္ဌိ စသည်တို့ကို ဖြစ်စေတတ်သောကြောင့် ဉပစာအားဖြင့် ဘေးရန်ဖြစ်ပါသည်။

---

## ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ်စဉ် ၁၀ ပါး ယှဉ်တွဲပြခြင်း

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၌ ဉာဏ်စဉ် မဖြစ်ပေါ်သေးပါ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသန ဉာဏ်နှင့် ဉဒယဗ္ဗယ

ဉာဏ်ရှေ့ပိုင်း တစ်စိပ်ဖြင့်၍ ပဋိပဒါဉာဏဒဿ နဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်း တစ်စိပ်နှင့် ဘင်္ဂဉာဏ်၊ ဘယဉာဏ်။ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တို့ ဖြစ်ကြပါသည်။

ဉာဏဒဿနဝိသုဒ္ဓိ၌ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ဝိပဿနာဉာဏ် မဖြစ်တော့ပါ။

## ဂေါတြဘူ

မဂ္ဂဝီထိ၌ဖြစ်သော ဂေါတြဘူသည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်သို့ ရောက်စေပါသည်၊

ဈာနဝီထိ၌ဖြစ်သော ဂေါတြဘူသည်ကာမအနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်အနွယ်သို့ ရောက်စေပါသည်၊

## မဂ်၏ကိစ္စ ၄ ချက်တပြိုင်နက်ပြီးပုံ

ဆီမီးသည် မီးစာကို လောင်ကျွမ်းခြင်း၊ အမှောင်ကို ပယ်ဖျောက်ခြင်း၊ အလင်းကိုဖြစ်စေခြင်း၊ ဆီကိုခမ်းစေခြင်း ကိစ္စ ၄ ချက်ကိုတပြိုင်နက်တည်း ပြီးစေသကဲ့သို့ မဂ်သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြားရှုသိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားစေခြင်း ဟူသောကိစ္စ ၄ ချက်ကို တပြိုင်နက်တည်းပြီးစေပါသည်၊

## ဝိမောက္ခဘေဒ

### ဝိမောက္ခမဂ်

သင်္ခါရတို့ကိုအနတ္တဟုရှု၍ ရသောမဂ်သည် သုညတ ဝိမောက္ခမဂ်မည်၏၊

သင်္ခါရတို့ကိုအနိစ္စဟုရှု၍ ရသောမဂ်သည် အနိမိတ္တ ဝိမောက္ခမဂ်မည်၏၊

သင်္ခါရတို့ကိုဒုက္ခဟုရှု၍ ရသောမဂ်သည် အပ္ပဏိဟိတ ဝိမောက္ခမဂ်မည်၊

---

## ပုဂ္ဂလဘေဒ

### သောတာပန်

အရိယာမဂ်တည်းဟူသော ရေအလျဉ်သို့ရောက်သူ

---

### သောတာပန် ၃ မျိုး

#### ၁။ ကောလံကောလသောတာပန်

သောတာပန် အဖြစ်ဖြင့် လူ့ဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်၊

#### ၂။ ကောလံ ကောလသောတာပန်

အမျိုးကောင်း တစ်မျိုးမှ ဘဝ်မျိုးသို့ ပြောင်း၍ကာ မဘုံ၌ နှစ်ကြိမ်မှ ခြောက်ကြိမ်အထိ ပဋိသန္ဓေနေ၍ ရဟန္တာ ဖြစ်မည့်ပုဂ္ဂိုလ်၊

## ၃။ သဏ္ဍာက္ခဏ္ဍပြရမသောတာပန်

ကာမဘုံ၌ ၇ ကြိမ်ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်၊

**သကဒါဂါမ်**

ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေ၍ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်

**သကဒါဂါမ် ၅ မျိုး**

၁။ ဣဓပတ္တာ ဣဓပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

၂။ ဣဓပတ္တာ တတ္ထပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

၃။ တတ္ထပတ္တာ တတ္ထပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

၄၊ တတ္ထပတ္တာ ဣဓပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

၅။ ဣဓပတ္တာ တတ္ထနိဗ္ဗတ္တိတွာ ဣဓပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

**ဤ၌သကဒါဂါမ်အရ**

ဣဓပတ္တာ တတ္ထနိဗ္ဗတ္တိတွာ ဣဓပရိနိဗ္ဗာယီ ပုဂ္ဂိုလ်ကိုသာ ယူရပါသည်။

**အနာဂါမ်**

ကာမဘုံ၌ ပဋိသန္ဓေမနေသော ပုဂ္ဂိုလ်၊

**ရဟန္တာ**

အလုံးစုံသော ကိလေသာတို့မှ ဝေးကွာ စင်ကြယ်သော ပုဂ္ဂိုလ်၊

## သမာပတ္တိဘေဒ

### ဖလသမာပတ္တိ

ဖလသမာပတ် ဝင်စားခြင်းကို ဖလသမာပတ္တိဟု ခေါ်ပါသည်။

ဖလသမာပတ်ကို ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄ ယောက်တို့သည် မိမိဖိုလ်ကို မိမိဝင်စားနိုင် ပါသည်။

### နိရောဓသမာပတ္တိ

နိရောဓသမာပတ် ဝင်စားခြင်းကို နိရောဓသမာပတ္တိဟု ခေါ်ပါသည်။

နိရောဓသမာပတ်ကို သမာပတ် ၈ ပါးလုံး ရပြီးသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင် ပါသည်။

### နိရောဓသမာပတ်၏ ပုဗ္ဗကိစ္စ ၄ ပါး

#### ၁။ နာနာဗဒ္ဓအဝိကောပန

သက်န်းစသော ပရိက္ခရာများ မီးစသော ရန်သူ မဖျက်ဆီးစေခြင်း။

#### ၂။ သံဃပဋိမာနန

သံဃာများ အလိုရှိသော အခါ နိရောဓ သမာပတ်မှ ထနိုင်ခြင်း။

#### ၃။ သတ္ထုပက္ကောသန

ဘုရားရှင် အလိုရှိသော အခါ နိရောဓ သ မာ ပတ် မှ ထနိုင်ခြင်း။

## ၄။ အဒ္ဒါနုပရိစ္ဆေဒ

ခုနစ်ရက်ဘိုင်အောင် အသက်ရှည်နိုင် မရှည်နိုင် ဆင်ခြင်ခြင်း။

**သေသူနှင့် နိရောဓ သမာပတ် ဝင်စားသူ**

**သေသူအား**

ဇီဝိတိန္ဒြေကုန်၏၊
ကမ္မဇတေဇောချုပ်၏၊
စက္ခုန္ဒြေစသည်တို့ ပျက်စီးကြကုန်၏။

**နိရောဓသမာပတ်ဝင်စားသူအား**

ဇီဝိတိန္ဒြေမကုန်၊
ကမ္မဇတေဇောမချုပ်၊
စက္ခုစသော ဣန္ဒြေတို့ မပျက်စီးကုန်။

ကမ္မဋ္ဌာန်းပိုင်းပြီး၏။

## ပြင်ဆင်ဖြည့်စွက်ချက်

စာမျက်နှာ၊ ။၃၀တွင် ကာမာဝစရစိတ် ၂၄ ပါး၌ သင်္ဂဟနည်း ၁၂ နည်း၊ ၆၃ တွင် ကုသိုလ် နှင့် အောက် ဖိုလ် ဥပေက္ခာ၊ ၄၄ တွင် ဝီထိစိတ်ရနှင့် စိတ်ရ တို့ကို လည်းကောင်း

၄၅ တွင် ၅၄-၁၆=၃၈၊ ၃၈+၅=၄၃ စသည်ဖြင့် ညီမျှခြင်းများကိုလည်းကောင်းပြင်ဆင်ဖတ်ရှုရန်။

## ဤစာအုပ်သည်

- စာသင်သားများ နားလည်လွယ်ကူခြင်း၊
- သရုပ်ကို ပိုင်နိုင်စွာ ခွဲနိုင်ခြင်း၊
- စာမေးပွဲဝင် ပုဂ္ဂိုလ်များနှင့် ဆီလျော်ခြင်း၊
- အဘိဓမ္မာ၏ သဘောကို ပိုင်နိုင်စွာ လေ့လာနိုင်ခြင်း၊
- စာချပုဂ္ဂိုလ်များ လက်ကိုင် ပြုနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရနိုင်ပါသည်။